# ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ အင်္ဂါနေ့၊ (30-3-2004) (၄၁၉၁)

ယနေ့ထုတ်စောင်ရေ ၁၉၅၉၇၄


ဝိရတိ ပါပါ
တော် မင်္ဂလ မုတ္တမံ။

မကောင်းမှုကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

## အမျိုးသားရေးမူဝါဒနှင့် အမျိုးသားရေး လုပ်ငန်းစဉ်ကြီးများ မှန်ကန်ပြည့်စုံ

ယခုအချိန်အခါတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းများ အပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်း အသီးသီး၏ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေခြင်းမှာ မိမိတို့၏ အမျိုးသားရေးမူဝါဒနှင့် အမျိုးသားရေး လုပ်ငန်းစဉ်ကြီးများ၏ မှန်ကန်ပြည့်စုံမှုကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

# နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ရည်မှန်းချက်ထား
# တိုင်းရင်းသားများ စီးပွားရေးဘဝတိုးတက်ရန် ကုန်းမြင့်လယ်ယာစနစ် ပီပီပြင်ပြင် အကောင်အထည်ဖော်
# တောင်ယာရွှေ့ပြောင်းစိုက်ပျိုးမှု ဘိန်းရွှေ့ပြောင်းစိုက်ပျိုးမှုများ လုံးဝပပျောက်အောင် စီမံဆောင်ရွက်
# နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန် ဖွံ့ဖြိုးရေးနှင့် စည်းရုံးရေး တွဲဖက်ဆောင်ရွက်

ရန်ကုန် မတ် ၂၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)ကို ယနေ့နံနက် ၁၀နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမဌ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဗဟိုကော်မတီဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဗဟိုကော်မတီအတွင်းရေးမှူး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

၃၀–၃–၂၀၀၄
(အင်္ဂါနေ့)

# နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက် ရထားလမ်းသစ်များ တိုးချဲ့တည်ဆောက်ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာရေးတို့အတွက် လိုအပ်သော အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျပြီး လွယ်လင့်တကူသွားလာနိုင်မှသာလျှင် စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟခြင်း မဖြစ်စေလိုသည့်အတွက် လမ်း၊ တံတားများကို တည်ဆောက်ပေးနေရခြင်းဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။ နယ်မြေဒေသအလိုက် လိုအပ်ချက်နှင့်အညီ ကားလမ်း၊ ရထားလမ်းသစ်များကို အရှိန်အဟုန်ဖြင့် တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်–နမ့်စန် ရထားလမ်းရှိ မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းသစ်နှင့် ပြင်သာယာ–ထီရိ ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားများကို မတ်လ ၂၀ ရက်နှင့် ၂၁ရက်နေ့များက သက်ဆိုင်ရာဘူတာများတွင် ကျင်းပခဲ့သည်။

အဆိုပါ ရထားလမ်းသစ်ဖွင့်ပွဲအခမ်းအနားများသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းပိုင်းသစ်သည် ရွှေညောင်–နမ့်စန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး လွိုင်လင်ခရိုင်ဘက်အခြမ်းတွင်ရှိသည့် မိုင်းစိတ်ဘူတာနှင့် ကောင်ဆိုင်းဘူတာတို့ကို ဆက်သွယ်ပေးထားသည်။ အဆိုပါရထားလမ်းပိုင်းသစ်သည် အရှည်ခရီးမိုင် ၁၀ ဒသမ ၂၃မိုင်ရှိပြီး တံတားကြီး၊ တံတားငယ် ပေါင်း ၃၅စင်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

ပြင်သာယာ–ထီရိ ရထားလမ်းပိုင်း အသစ်မှာ အရှည်ခရီးမိုင် ၄ ဒသမ ၃ မိုင်ရှိပြီး တံတားကြီးငယ်ပေါင်း ၁၀ စင်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ကျန်ရှိနေသေးသော ထီရိမှ ပွန်ချောင်းတံတားကို ဖြတ်လျက် ကောင်ဆိုင်းအထိ ရထားလမ်း ၅၂ ဒသမ ၄၈ မိုင်ကိုလည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျန်ရှိနေသေးသော ထီရိမှ ပွန်ချောင်းတံတားကို ဖြတ်ကျော်လျက် ကောင်ဆိုင်းအထိ ရထားလမ်းအပိုင်း ဖောက်လုပ်ပြီးစီးသွားပါက ဒေသခံပြည်သူများသည် ရွှေညောင်မှ တောင်ကြီး–နမ့်စန်အထိ ရထားဖြင့် တစ်ဆက်တစ်စပ်တည်း လွယ်ကူစွာသွားလာနိုင်ကြမည်ဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်–နမ့်စန် ရထားလမ်းရှိ မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းအပိုင်းနှင့် ပြင်သာယာ–ထီရိ ရထားလမ်းအပိုင်းများကို မြန်မာ့မီးရထား၏ စီစဉ်မှု၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ ကြီးကြပ်ကွပ်ကဲမှု၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၏ လုပ်အားတို့ဖြင့် အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့အတွက် လမ်းနှင့်တံတားများစွာကို အရှိန်အဟုန်ဖြင့် တည်ဆောက်ဖောက်လုပ်လျက်ရှိရာ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ပေါင်းစည်းညီညွတ်မှုစွမ်းအား၊တက်ကြွသောအားမာန်တို့ဖြင့် ရထားလမ်းသစ်များကို ဆက်လက်တိုးချဲ့တည်ဆောက်ဖွင့်လှစ်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

## ဓာတ်ဆီဖြည့်မှု၊ သတိပြု

ရန်ကုန် မတ် ၂၉

**ပူပြင်းခြောက်သွေ့သော နွေရာသီကာလ မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ်လျှပ်စစ်ဓာတ်ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုဖြစ်ပွားနိုင်သဖြင့် သတိပြုရှောင်ကြဉ်ကြပါရန် မီးသတ်ဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။** (သတင်းစဉ်)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တပ်မတော်နေ့အစီအစဉ်

"အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းမြတ်တို့ တည်ထောင်ခဲ့သည့် ထက်မြက်သော တပ်မတော်များ၏ လက်ဆင့်ကမ်း အမွေခံလျက် ပိုမိုအင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ကာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တည်ဆောက်ကြပါစို့"

## စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ပြည်တောင်တန်းနှင့် မန်းရေနံမြေစစ်ဆေး ရေနံနှင့် ဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေးမှာကြား



ရန်ကုန် မတ် ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရွှေတောင်မြို့နယ်ရှိ ပြည်တောင်တန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား ရေနံမြေ ရှင်းလင်းဆောင်တွင် ရေနံမြေအထွေထွေ မန်နေဂျာ ဦးဇော်ဝင်းက လက်ရှိထုတ်လုပ်နေမှု အခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinnery Assets ကုမ္ပဏီနှင့်ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

### ညှိနှိုင်းပေး

ဝန်ကြီးက တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်များ တူးဖော်ခြင်းတို့ကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး၊ တွင်းတူးစက်နေရာချထားမှု အစီအစဉ်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း မင်းဘူးမြို့နယ် မန်းရေနံမြေသို့ သွားရောက်ကာ လက်ရှိတူးဖော်လျက်ရှိသော တွင်းသစ်အမှတ်(၆၅၅)သို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား ရေနံမြေလုပ်ငန်းခွင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးကြည်ရှိန်နှင့် တာဝန်ရှိသူတို့က လက်ရှိတူးဖော်နေမှု အခြေအနေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့အလားအလာတို့ကို ရှင်းလင်းတင်ပြကြသည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးက ပြည်တွင်းသုံးစွဲမှု ဖူလုံရေးအတွက် နောက်ထပ်ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာအသစ်များကို ဆက်လက်ရှာဖွေ တူးဖော်ထုတ်လုပ်သွားနိုင်ရေး၊ ယခုတွင်းအမှတ်(၆၅၅)သည် အနက်ပေ ၁၀၀၀၀ကျော်အထိ တူးဖော်မည့် ပေနက်တွင်းဖြစ်၍ ရည်မှန်းချက်အနက်ပေသို့ သတ်မှတ်ရက်အတွင်းရောက်ရှိရေး အထူးဂရုစိုက်ကြရန်မှာကြားပြီး တွင်းတူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန်းရေနံမြေရှိ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။** (စွမ်းအင်)

**တွင်းအမှတ်(၆၅၅)**

**မကွေးတိုင်း မင်းဘူးမြို့နယ် မန်းရေနံမြေရှိ တွင်းအမှတ်(၆၅၅) တွင်းတူးဖော်နေမှုကို တွေ့ရစဉ်။** (စွမ်းအင်)



## ရွှေသံလွင်တရားပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၉

ရွှေသံလွင်မိသားစု၏ တရားပွဲကို မတ် ၃၀ရက်မှ ဧပြီ ၅ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အောက်ပုဇွန်တောင် လမ်းမကြီးရှိ ရွှေသံလွင် မော်တော်ယာဉ် ဝင်းတွင် ညစဉ် ၇နာရီမှစ၍ ဟောကြားမည်ဖြစ်သည်။

မတ်၃၀ရက်တွင် အောင်ဆန်းမိုးကုတ်ဆရာတော်၊ ၃၁ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ဧပြီ ၁ ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၂ ရက်တွင် စွန်းလွန်းဆရာတော် အရှင်သုန္ဒရ၊ ၃ ရက်တွင် ဆရာတော် ဦးဂါရဝါဘိဝံသ၊ ၄ ရက်တွင် ကမ္မဋ္ဌာနာစရိယ ဦးသောဘိတာဘိဝံသနှင့် ၅ ရက်တွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်ကြီးတို့က တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်သည်။(က–ပ)

## နှစ်ကျိပ်ရှစ်ဆူ ဒေသစာရီ ကြွချီအပူဇော်ခံမည်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် တပ်မြေအမှတ်(၆)ရပ်ကွက် (၃၆)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ ဒေသစာရီ ကြွချီအပူဇော်ခံပွဲကို မြန်မာနှစ်ဆန်း ၁ရက်မှ ၄ရက် (ဧပြီ ၁၇ရက်မှ ၂၀ရက်)အထိ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

**ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ**





# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် မတ် ၂၉

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။**

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အကြံပေး ပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေး ပုဂ္ဂိုလ်များ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသမီးငယ်ရွယ်အဖွဲ့-အဖွဲ့ဝင် ဒေါ်နန်းမြတ်နီလာအောင်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိအဖွဲ့ဝင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၀၄ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သုံးလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များက တင်ပြကြရာ ပဲခူးတိုင်း (အနောက်) အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ပဲခူးတိုင်း(အနောက်) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦးကလည်းကောင်း၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးဝေကလည်းကောင်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဆွေဝင်းကလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်က လည်းကောင်း၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းငြေးက လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍အစည်းအဝေးသို့တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး ဒုတိယနေ့တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ နိဂုံးချုပ်အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

**သုံးသပ်ဆွေးနွေး**

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပြည်နယ်၊ တိုင်း ကိုယ်စားလှယ်များ၏ တင်ပြချက် အစီရင်ခံစာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အထွေထွေ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း ပြန်လည်သုံးသပ် ခြုံငုံဆွေးနွေးပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။



**ဒုတိယဥက္ကဋ္ဌပါမောက္ခဒေါက်တာ ဒေါ်မေမေရီ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခို လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကဏ္ဍအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးစဉ်။** (သတင်းစဉ်)



**အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကဏ္ဍများအပေါ် ခြုံငုံသုံးသပ် ဆွေးနွေးစဉ်။**
(သတင်းစဉ်)



**အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ယဉ်ကျေးမှု၊ ပြန်ကြားဆက်သွယ်ရေး၊ အမျိုးသမီးငယ်၊ ရွယ်၊ တိုင်းရင်းသားရေးရာ လုပ်ငန်းကဏ္ဍများအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးစဉ်။**
(သတင်းစဉ်)



**အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ၊ စည်းရုံးရေး လုပ်ငန်းကဏ္ဍများအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးစဉ်။**
(သတင်းစဉ်)



**အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်း အစည်းအဝေးကြီးမှ အကြံပြုချက်များတင်ပြစဉ်။**
(သတင်းစဉ်)

မွန်းလွဲပိုင်းတွင် အစည်းအဝေး အစီအစဉ်များကို ပြန်လည်ကျင်းပပြီး ပြည်နယ်၊ တိုင်း ကိုယ်စားလှယ်များ၏ တင်ပြချက် အစီရင်ခံစာများအပေါ် လုပ်ငန်းကဏ္ဍအလိုက် ခြုံငုံသုံးသပ် ဆွေးနွေးကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခဒေါက်တာ ဒေါ်မေမေရီက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခို လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကဏ္ဍကိုလည်းကောင်း၊ ဒေါ်ခင်လေးသက်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကဏ္ဍကိုလည်းကောင်း၊ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးမှု၊ ပြန်ကြားဆက်သွယ်ရေး၊

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❁



**ပဲခူးတိုင်း(အနောက်) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦး ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**မကွေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးဝေ ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဆွေဝင်း ဆွေးနွေးတင်ပြစဉ်။**(သတင်းစဉ်)



**ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင် ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**ဧရာဝတီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းငြေး ဆွေးနွေး တင်ပြစဉ်။** (သတင်းစဉ်)

## တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ဆက်လက်ပြသ

**ရန်ကုန် မတ် ၂၉**

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ၆နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ စတုတ္ထနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသလျက်ရှိသည်။

ယင်းပြပွဲတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ ဗဟုသုတဉာဏ်စမ်းမေးခွန်းလွှာဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ်မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်ကြကာ ဆုရရှိသူများအား နေ့စဉ်ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ယနေ့ပြပွဲသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ မြဝတီစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်းနှင့် ကျန်စစ်သားစစ်ကြောင်းတို့တွင် ပါဝင်ကြသည့် တပ်မတော်သားများ၊ ရဟန်းရှင်လူပြည်သူများ၊ နိုင်ငံခြားသားများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၅၅၇ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)


(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆–၃–၂၀၀၄ မှ ၄–၄–၂၀၀၄)

မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။


## အောင်လံလွှင့်စေ ကြည်း၊ ရေ၊ လေ

☆ တပ်မတော်လျှင်
သမိုင်းစဉ်၌
သစ်လွင်တက်ကြွ
မျိုးဗီဇနှင့်
မြန်မာ့ဂုဏ်စစ်
ကမ္ဘည်းလုစ်ခဲ့
အားသစ်မော်ကွန်းမှတ်တိုင်များ။

☆ တို့မြေအလှ
တစ်လက်မမျှ
ထိကမခံ
ဇာတိမာန်ကဲ
တန်ပြန်နွှဲခဲ့
သူရဲကောင်းများ
နောင်ညီဖွားတို့
မားမားမတ်မတ်
ရှေ့ကရပ်၍
စိတ်ဓာတ်ရဲရဲ
မလျှော့ဖွဲ့နှင့်
လက်တွဲညီညီအောင်ပွဲချီ။

☆ ခရီးရှည်ရှည် ရည်တူအားမြဲပါလို့
နည်းအထွေထွေ ကြည်ဖြူအများတွဲကာပ
ကြည်း၊ ရေ၊ လေ ပြည်သူနှင့် တစ်သားတည်းပါပဲ
ဖွဲ့အလံဆောင် အရောင်လင်း
အောင်မြေကိုနင်း။ ။

**နှင်းမောင် (ဗိုးကုန်း)**



## ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗီယက်နမ် အသံလွှင့်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မတ် ၂၉

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံတွင် လေ့လာရန်ရောက်ရှိနေသည့် ဗီယက်နမ် အသံလွှင့်ဌာန (Radio the Voice of Vietnam- VOV) မှ ဒုတိယညွှန်ကြားရေးမှူး Mr. Nguyen. Van Khoa ခေါင်းဆောင်၍ အဖွဲ့ဝင်သုံးဦးပါဝင်သည့် ဗီယက်နမ် အသံလွှင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ထိုသို့လာရောက်တွေ့ဆုံစဉ် နှစ်နိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာကိစ္စများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

## မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၉**

မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့ကြသော အဝေးရောက် ကျောင်းနေဖက်များက သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၄ရက် နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ခမ်းမှာရုံ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ပူဇော်မှုခံယူရန် ကြွရောက်ကြပါရန်နှင့် တပည့်ဟောင်းများ စုံစုံညီညီ တက်ရောက်ဂါရဝပြုကြရန် ဖိတ်ကြားထားသည်။ (သတင်းစဉ်)

## စာပေအနုပညာပြပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၂၉**

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြပွဲပြိုင်ပွဲ ကျင်းပရေးကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့ဆက်လက်ပြသလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများ၊ မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၆၅၀ကျော် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကိုလည်း နေ့စဉ်ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကိုချီးမြှင့်ပေးသည်။ (သတင်းစဉ်)

## ငါးပုစွန်မွေးမြူသူများ လိုင်စင်လဲလှယ်ရန် ကြေညာ

**ရန်ကုန် မတ် ၂၉**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံအတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်း စနစ်တကျဖြစ်စေရေးအတွက် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်–၂၄/၈၉)ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ငါးလုပ်ငန်း ဦးစီးဌာနသည် အဆိုပါဥပဒေနှင့်အညီ ငါး၊ပုစွန်မွေးမြူခြင်းလိုင်စင်၊ ငါး၊ပုစွန် သားပေါက်ထုတ်လုပ်ခြင်းလိုင်စင်၊ အလှပြငါးမွေးမြူခြင်းလိုင်စင် စသည်များကို ထုတ်ပေးလျက်ရှိရာ ယခုအခါ လိုင်စင်ရရှိထားသူများသည် ၂၀၀၄ခုနှစ်တွင် လုပ်ငန်းဆက်လက် လုပ်ကိုင်ခွင့်ရရှိရန်အတွက် သက်ဆိုင်ရာ ခရိုင်၊မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများ၌ သက်တမ်းရက်ကုန်ဆုံးပြီး ရက်ပေါင်း ၃၀အတွင်း လိုင်စင်အသစ် လဲလှယ်ကြရန်ဖြစ်သည်။

ထို့အပြင် ငါး၊ပုစွန်မွေးမြူခြင်းဆိုင်ရာ လုပ်ငန်းများကို စတင်လုပ်ကိုင်လိုသူများသည်လည်း သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများတွင် လိုင်စင်လျှောက်ထားရယူပြီးမှ လုပ်ကိုင်ကြရမည်ဖြစ်သည်။

ငါးမွေးမြူခြင်းလိုင်စင်မရှိဘဲ ငါးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

## အစည်းအဝေးတက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် မတ် ၂၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ JODC က ကျင်းပမည့် The Report Meeting of COE Project and the 9 th Meeting for AMEICC HRD-WG အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ အလုပ်အမှုဆောင် ဦးစိုင်းဘဉာဏ်နှင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပမည့် Training Course on Enterprise Development သင်တန်းသို့ တက်ရောက်ရန် အလုပ်အမှုဆောင် ဦးအောင်ကြည်စိုးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(အောက်ပုံ)** (သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၃၀–၃–၂၀၀၄ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာ့ပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ မန်းချောင်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (အထူးပြုအားလုံး)(မြန်မာစာ)
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၁၅ ၆။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၃၀ ၇။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၉။ ညနေခင်းသတင်း
- ၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၁။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၇:၂၀ ၁၂။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
- ၇:၃၀ ၁၃။ တေးဂီတအစီအစဉ်
- ၇:၄၀ ၁၄။ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး ဂုဏ်ပြုအစီအစဉ်(၃)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း–၁၇)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။


**မီးဘေးရှောင် မလောင်ခင်တား**

**နိုင်ငံတကာ သတင်းများ**

# ပြည်ပသို့ရေနံတင်ပို့ရောင်းချရေးတွင်ပြဿနာများနှင့် အီရတ်တွေ့ကြုံ လုံခြုံရေးအခြေအနေ ညံ့ဖျင်းမှုကြောင့် ရေနံပို့ကုန်ထိခိုက်နေရ

ဒူဘိုင်း မတ် ၂၈

**အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့ရှိ ရေနံမြေများမှ ရေနံကို ပြည်ပသို့ တင်ပို့ရောင်းချရေးတွင် ပြဿနာများ တွေ့ကြုံနေရကြောင်း ရေနံလုပ်ငန်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားကြသည်။**

ကယ်ကွတ်ရေနံမြေမှ ထွက်ရှိသော ရေနံစိမ်းကို တူရကီနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဆေဟန်မြို့မှ တစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချရေး လုပ်ငန်းမှာ ဧပြီလလယ်ကာလအထိ ကြန့်ကြာနေဦးမည်ဖြစ်ကြောင်း ရေနံလုပ်ငန်း ကျွမ်းကျင်သူများက ပြောကြားကြသည်။

အီရတ်နိုင်ငံသည် မတ်လအတွင်း ကယ်ကွတ်ရေနံမြေမှ ထွက်ရှိသော ရေနံစိမ်းစည် ခြောက်သန်း (တစ်ရက်လျှင် စည်ပေါင်း ၂၀၀၀၀၀)ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန် လုပ်ဆောင်ခဲ့သည်။ မတ်လနှင့် ဧပြီလတို့ အတွင်း တစ်ရက်လျှင် ပျမ်းမျှ ရေနံစည် ၂၇၀၀၀၀ တင်ပို့ရောင်းချရန် စီစဉ်ထားခဲ့သည်ဟု ရေနံလုပ်ငန်း ကျွမ်းကျင်သူများက ပြောကြားကြသည်။

အီရတ်နိုင်ငံတောင်ပိုင်း ခိုလ်အယ်လ်-အမ်မရာရေနံမြေမှ ဘာဆရာရေနံအကျဲစားကို တစ်ရက်လျှင် ရေနံစည် ၂၅၀၀၀၀ မှ ၃၀၀၀၀၀ အထိ တင်ပို့ရောင်းချရန် စီစဉ်ထားသော်လည်း ပြည်ပသို့ ရေနံတင်ပို့ရောင်းချရေးတွင် ပြဿနာများ တွေ့ကြုံနေရဆဲဖြစ်သည်။

နိုင်ငံတကာ ရေနံကုမ္ပဏီများသည် ပင်လယ်ကွေ့ဒေသ မြောက်ပိုင်းရှိ ကမ်းလွန်ရေနံမြေများသို့ ၎င်းတို့၏ ရေနံတင်သင်္ဘောများကို စေလွှတ်ရန် စိတ်မပါဘဲရှိနေကြကြောင်း၊ ယင်းမှာ လုံခြုံရေး အခြေအနေအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ အီရတ်နိုင်ငံ ကယ်ကွတ်မြို့အနောက်ဘက်ရှိ အရေးပါသော ရေနံတွင်းတစ်တွင်းတွင် ကြာသပတေးနေ့က ရေနံပိုက်လိုင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းရေနံပိုက်လိုင်းသည် တူရကီနိုင်ငံမှတစ်ဆင့် ပြည်ပသို့ ရေနံ တင်ပို့ရောင်းချရာတွင် အဓိကကျကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

***အင်တာနက်။***

**မတ် ၂၄ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့၏ အုပ်ချုပ်ရေးရုံး အပြင်ဘက်တွင် အီရတ်အမျိုးသမီးများ ဆန္ဒပြနေကြစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*





**မတ် ၂၄ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဖောမြို့တွင် ရေနံပိုက်လိုင်းမီးလောင်နေသည့် မြင်ကွင်းကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# မလေးရှားဝန်ကြီးချုပ် ဝန်ကြီးအဖွဲ့သစ်ဖွဲ့စည်း

**ကွာလာလမ်ပူ မတ် ၂၈**

ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရသော မလေးရှားဝန်ကြီးချုပ် အာမက်ဘာဒါဝီက စနေနေ့တွင် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများကို အသစ်ဖွဲ့စည်း တာဝန်ပေးလိုက်သည်။

**တာဝန်ထမ်းဆောင်**

ယခင်က ဝန်ကြီးချုပ်ဖြစ်ခဲ့ဖူးသော အဗ္ဗဒူရာဇက်၏သား နာဂျစ်ရာဇက်သည် မျှော်လင့်ထားကြသည့်အတိုင်း ဒုတိယဝန်ကြီးချုပ်ဖြစ်လာပြီး ကာကွယ်ရေးဝန်ကြီးတာဝန်ကို ဆက်လက်ထမ်းဆောင်သည်။ အာမက်ဘာဒါဝီသည် လွန်ခဲ့သော တနင်္ဂနွေနေ့ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အောင်ပွဲဆင်ခဲ့သည်။ ၎င်း၏ နိုင်ငံရေးပါတီသည် ပါလီမန်ကိုယ်စားလှယ် စုစုပေါင်းနေရာအားလုံး၏ ၉၀ ရာခိုင်နှုန်းကိုရရှိခဲ့ပြီး ပြည်နယ် အစိုးရအဖွဲ့ ၁၃ နေရာအနက် ၁၂ နေရာကို ထိန်းချုပ်နိုင်သည်။ ဘဏ္ဍာရေးဝန်ကြီးရာထူးကို ဝန်ကြီးချုပ်ဘာဒါဝီက တွဲဖက်တာဝန်ယူထားပြီး မဟာသီယာ၏ စီးပွားရေးအကြံပေးတာဝန်ယူခဲ့သူ နော်မိုဟာမက်ယာကွတ်အား ၎င်း၏ ယခင်ရာထူးတွင် ဆက်လက်တာဝန်ပေးသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ယခင်အတွေ့အကြုံရှိခဲ့သော စီးပွားရေးပညာရှင် မူစတာဖာမိုဟာမက်ကိုမူ ဝန်ကြီးချုပ်ရုံး ဝန်ကြီးရှစ်ဦးအနက် ဝန်ကြီးတစ်ဦးအဖြစ်ခန့်ထားလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ဆင်ကောင်ရေ၄၀၀ စားကျက်ပြောင်းရန် ကင်ညာအစိုးရစီစဉ်

**နိုင်ရိုဘီ မတ် ၂၇**

ဆင်သတ္တဝါများ၏ နေရပ်ဒေသပြောင်းရွှေ့ရန်လုပ်ဆောင်သည့် အမူအကျင့်အနေဖြင့် ခြံစည်းရိုးများကို ချိုးဖဲ့ခြင်း၊ သီးနှံစိုက်ခင်းများကို နင်းခြေခြင်းတို့ကို ပြုလုပ်နေသဖြင့် ဆင်ကောင်ရေ ၄၀၀ တို့ကို သီးသန့်သစ်တောမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ရန် ကင်ညာနိုင်ငံက စီစဉ်လျက်ရှိကြောင်း သဘာဝတောရိုင်းတိရစ္ဆာန်များဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

လူနေထူထပ်သော ရှင်ဘာတောင်တန်း အမျိုးသား သီးသန့်သစ်တောမှ ကင်ညာတောင်ပိုင်း ဆာဗိုအရှေ့ သီးသန့် တိရစ္ဆာန်ဥယျာဉ်သို့ ကားလမ်းမှ ကုန်သေတ္တာကြီးများဖြင့် ထည့်သွင်း သယ်ဆောင်ခြင်း မပြုမီ အဆိုပါဆင်များကို ရဟတ်ယာဉ်ပေါ်မှ မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ရဦးမည်ဖြစ်သည်။

ဆင်များ စတင်ရွှေ့ပြောင်းသည့် လုပ်ငန်းကို ဇူလိုင်လအတွင်း ဆောင်ရွက်မည်ဖြစ်ပြီး နှစ်လကြာအချိန်ယူရမည်ဖြစ်သည်။ အဆိုပါ ဆင်ရွှေ့ပြောင်းရေး လုပ်ငန်းစဉ်အတွက် ရန်ပုံငွေ လုံလောက်စွာရသည့်အချိန် စောင့်ဆိုင်းရန်လည်း ရှိနေသည်။ အဆိုပါ ဆင်များကို သယ်ယူပို့ဆောင်ရမည့် ခရီးအကွာအဝေးမှာ ၉၃ မိုင်ရှိပြီး ဆင်တစ်ကောင်အတွက် ကုန်ကျစရိတ် ရှီလင်ငါးသိန်း (ဒေါ်လာ ခြောက်ထောင်ကျော်) ကုန်ကျမည်ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဖလော်ရီဒါပြည်နယ်သား ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**ဝါရှင်တန် မတ် ၂၈**

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် အသက် ၃၃ နှစ်အရွယ်ရှိ ဖလော်ရီဒါပြည်နယ်သား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

**တိုက်ခိုက်**

တပ်ကြပ်ကြီး ဟင်နရီရှန်နာဘာဂျာက သံသယဖြစ်ဖွယ်ရှိသည့် ကားတစ်စီးအား ဗုဒ္ဓဟူးနေ့က စစ်ဆေးနေစဉ် အုပ်စုတစ်စုက လက်နက်ငယ်များ၊ အိမ်လုပ်ဗုံးများဖြင့် တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။

ရှန်နာဘာဂျာသည် အမှတ်(၂၁) အမေရိကန်စစ်ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူဖြစ်ကာ ဖို့ထရက်တွင်စခန်းတွင် တာဝန်ထမ်းကျနေပြီး ၎င်းသေဆုံးစဉ် ဇနီးနှင့်ကလေးငါးဦး ကျန်ရစ်ခဲ့သည်။

**သင်တန်းတက်ပြီး**

မိမိ၏ သားဖြစ်သူ ရှန်နာဘာဂျာ၏ ပင်မတာဝန်မှာ စစ်ရဲအဖြစ် တာဝန်ထမ်းဆောင်ရန်ဖြစ်ပြီး အမှတ် (၈၂) လေကြောင်းချီတပ်တွင် သင်တန်းတက်ရောက်ပြီးစီးခဲ့သည်ဟု မိခင်ဖြစ်သူ ချာရိုင်းရှန်နာဘာဂျာက ပြောကြားသည်၊

သဲကန္တာရမုန်တိုင်းစစ်ဆင်ရေး ပြုလုပ်နေစဉ်အတွင်း ကူဝိတ်နိုင်ငံ၊ ဘော့စနီးယား၊ ကိုရီးယားနှင့် ပနားမားဒေသများတွင် ခရီးထွက်ခဲ့ဖူးသည်။

**ကတောက်ကဆဖြစ်**

ရှန်နာဘာဂျာ စစ်ထဲဝင်ပြီးကတည်းက စစ်ရေး၊ နိုင်ငံရေးအရ တင်းမာသည့်နေရာများသို့ ရောက်ခဲ့ဖူးပြီး ယင်းကိစ္စနှင့်ပတ်သက်၍ မိမိနှင့် ဆွေးနွေးရင်း ကတောက်ကဆဖြစ်ပွားခဲ့ရကြောင်း ချာရိုင်းရှန်နာဘာဂျာက ပြောကြားသည်။ ယင်းသို့ နေရာအနှံ့အပြား သွားရောက်တာဝန်ထမ်းဆောင်နေသည်ကို မိမိသားက သဘောကျနေပြီး ယင်းသို့ သွားလာကြရခြင်းသည် အများနှင့်မတူ ထူးခြားမှုတစ်ခုကို ဆောင်ရွက်နေသည်ဟု ၎င်းကိုယ်တိုင်က ထင်မြင်နေကြောင်း ရှန်နာဘာဂျာ၏ မိခင်က ပြောကြားသည်။

***အင်တာနက်။***

**မတ် ၂၅ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ ပစ်ခတ်မှုဖြစ်ပွားကာ အမေရိကန် စစ်ကားတစ်စီး မီးလောင်ပြီးနောက် အောင်ပွဲခံနေသည့် အီရတ်လူငယ်များကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



**✻ ကျောဖုံးမှ**

အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ တိုင်းရင်းသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ကျောင်းသားများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများ၊ စည်တော်အကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲ အခမ်းအနားပထမပိုင်းအစီအစဉ်ကို တက္ကသိုလ်အဝင်မုခ်ဦးရှေ့၌ စတင်ကျင်းပရာ ရှေးဦးစွာ ရေကြောင်းပညာတက္ကသိုလ် ပထမနှစ်ထူးချွန်ကျောင်းသားများဖြစ်ကြသော မောင်ဉာဏ်လင်း၊မောင်ဟန်ဇော်ဦးနှင့် မောင်ကောင်းမြတ်သူတို့က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အဝင်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံရှေ့ သတ်မှတ်နေရာအသီးသီးတို့တွင် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပထမနှစ် ထူးချွန်ကျောင်းသား မောင်အင်န်ဇော်ခွန်၊ ဒုတိယနှစ်(အကြီးတန်း)ထူးချွန် ကျောင်းသားများဖြစ်ကြသော မောင်သက်နိုင်နှင့် မောင်ဇေယျာမောင်မောင်တို့က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကမ္ပည်းမော်ကွန်းကြေးပြားနှင့် တက္ကသိုလ် အထိမ်းအမှတ်တံဆိပ် ကြေးပြားတို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့်ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကျောင်းသားများ၊



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပညာရေးငွေပဒေသာပင်စိုက်ထူရန်အတွက် ရွှေမာလာကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ထွေးက အလှူငွေကျပ် သိန်း၃၀၀ ကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်မုခ်ဦးဆောင်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖွင့်ပွဲအစီအစဉ် ဒုတိယပိုင်းကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ဆက်လက်

အထောက်အကူပြုပစ္စည်းများ ပြည့်ဝစုံလင်စွာဖြင့် နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့်အညီ သင်ကြားလေ့ကျင့်ပေးနိုင်နေသည်ကို တွေ့ရသည့်အတွက် ကျောင်းသားများအတွက်ရော၊ နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ ယနေ့အလွန်ခံ့ညားထည်ဝါသော ရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံကြီးဖွင့်လှစ်နိုင်ခြင်းကိုလည်း ကြိုဆိုဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း။

ရေကြောင်းပညာတက္ကသိုလ် ကျောင်းတော်သားများ အနေဖြင့်လည်း နိုင်ငံတကာအဆင့်မီတိုးတက်ဖြစ် ထွန်းလာပြီဖြစ်သည့် အမိမြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီး၏ သစ်လွင်ခံ့ညားထည်ဝါသော တက္ကသိုလ်အဆောက်အအုံများအတွင်း ခေတ်မီအဆင့်မြင့်သော သင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းများကို ထိုက်တန်စွာအသုံးချပြီး ရေကြောင်းပညာဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ ကြိုးစားလေ့လာသင်ယူနိုင်ကြခြင်းအားဖြင့် နိုင်ငံတော်က မျှော်မှန်းသည့်ထူးချွန်ထက်မြက်သော ရေကြောင်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်၊ အင်ဂျင်နီယာပညာရှင်များ မကြာသောကာလတွင် စဉ်ဆက်မပြတ်ပေါ်ထွန်းလာတော့မည်ဟု ယုံကြည်ထားပါကြောင်းကို တစ်ဆက်တည်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ်ဖြင့် နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးတို့ အတွက် တိုင်းရင်းသားစည်လုံးညီညွတ်မှုစွမ်းအား၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစွမ်းအား၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှုစွမ်းအားဖြင့် နိုင်ငံတကာအဆင့်မီပညာရည်မြင့်မားသော လူသားအရင်းအမြစ်စွမ်းအားတို့ကို အခိုင်အမာတည်ဆောက်ပြီး ကိုယ့်အားကိုယ်ကိုး ကိုယ့်နိုင်ငံကိုယ်ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါကာလဖြစ်ကြောင်း။

ထို့အပြင် ယနေ့အချိန်အခါတွင် တစ်ကမ္ဘာလုံးလွှမ်းခြုံပြီး နိုင်ငံတကာသိပ္ပံနှင့်နည်းပညာရပ်များ၏ နှိုင်းဆမရနိုင်သည့် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲမှုများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လုံခြုံရေး နယ်ပယ်ကဏ္ဍစုံကို လွှမ်းမိုးကြီးစိုးလျက်လည်းရှိနေသည်ကို တွေ့ရကြောင်း။

**ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အဝင်မုခ်ဦးဖွင့်ပွဲ အခမ်းအနားတွင် ပထမနှစ်ထူးချွန်ကျောင်းသားများဖြစ်ကြသော မောင်ဉာဏ်လင်း၊ မောင်ဟန်ဇော်ဦးနှင့် မောင်ကောင်းမြတ်သူတို့က အဝင်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)





**ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မဆောင် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် ပင်မဆောင် အဆောက်အအုံသစ်ကို ပထမနှစ်ထူးချွန်ကျောင်းသား မောင်အင်န်ဇော်ခွန်၊ ဒုတိယနှစ်(အကြီးတန်း)ထူးချွန်ကျောင်းသားများဖြစ်ကြသော မောင်သက်နိုင်နှင့် မောင်ဇေယျာမောင်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးသည် စိမ်းလန်းစိုပြည်တင့်တယ်သာယာသည့် စိတ်အေးချမ်းမြေ့ဖွယ်ပရဝုဏ်ကြီးအတွင်း၌ ခေတ်မီသစ်လွင်ခံ့ညားထည်ဝါသော ပင်မအဆောက်အအုံကြီးနှင့်တကွ အဆင့်အတန်းမြင့်မားသည့် စာသင်ဆောင်များအတွင်းတွင် နိုင်ငံတကာအဆင့်မီ သင်ကြားမှုသင်ယူမှု



## မရှိမဖြစ်လိုအပ်

ထို့ကြောင့် ယင်းကဲ့သို့အခြေအနေအချိန်အခါမျိုးတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုစွမ်းအား၊ အမျိုးသား စီးပွားရေးဘဝတောင့်တင်းခိုင်မာမှုစွမ်းအားဖြင့် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသော လူသား အရင်းအမြစ်စွမ်းအားတို့ကို အခိုင်အမာတည်ဆောက်နိုင်ရေးသည် မရှိမဖြစ်အလိုအပ်ဆုံးဖြစ်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံတွင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားပြန့်ပွားစေရန်နှင့်ယင်း ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များတတ်သိလိမ္မာကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံတွင် ပြုစုပျိုးထောင်မွေးထုတ်သွားနိုင်ရန်အတွက် စနစ်တကျစီမံအားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တစ်နည်းပြောရလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးတွင် နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများနှင့်ဆီလျော်ညီညွတ်စွာ မိမိနိုင်ငံတော်အတွင်းခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ နယ်ပယ်ကဏ္ဍစုံ၌ တိုးတက်ဖြစ်ထွန်းနေစေရန်နှင့် မိမိနိုင်ငံမိမိတည်ဆောက်နိုင်စွမ်းရှိသည့် အရည်အသွေးမြင့်မားသော စက်မှုပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ သိပ္ပံပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်စေရန်သည် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်ဖြစ်နေသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာတွင်ကျယ်ပြန့်နက်ရှိုင်းစွာ တိုးတက် ဖြစ်ထွန်းနေသည့် ပညာရပ်များအလိုက် အထူးပြုတက္ကသိုလ်ကြီးများကို နိုင်ငံတော်အတွင်း တိုးတက်ထူထောင်ပေးနေသကဲ့သို့ ပညာရပ်အသီးသီး၏ ကျယ်ပြန့်စွာတိုးပွားဖြစ်ထွန်းလာနေသည့် ပညာရပ်များ၊ ပညာရပ်ခွဲများနှင့် ဆီလျော်ညီညွတ်သော အထူးပြုဘာသာရပ်များကိုလည်း တက္ကသိုလ်များ၊ ကောလိပ်များနှင့် သိပ္ပံများ၌ တိုးချဲ့သင်ကြားပေးပြီး ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့များအထိ အပ်နှင်းနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းကဲ့သို့ မြန်မာနိုင်ငံတွင် တိုးတက်ပေါ်ထွန်းလာခဲ့သည့် တက္ကသိုလ်၊ ကောလိပ်များအနက်က မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ➪



➪ စာမျက်နှာ ၆ မှ

ရေကြောင်းပညာတက္ကသိုလ်များသည် အလွန်ထူးခြားလေးနက်သည့် တိုးတက်ဖြစ်ထွန်းမှုများပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့်နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ သိပ္ပံနှင့်နည်းပညာရပ် နယ်ပယ်စုံတွင် တိကျခိုင်မာသည့် ရည်မှန်းချက်များထားရှိပြီး အနာဂတ်အတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များကြွယ်ဝလှသည့် ပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံအဖို့ မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှုနှင့် ပင်လယ်ဆိပ်ကမ်းများတည်ဆောက်မှု၊ ဆိပ်ကမ်းများ စီမံခန့်ခွဲမှုနယ်ပယ်ကဏ္ဍများကို ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ခြင်းအားဖြင့် အမျိုးသားရေးအကျိုးစီးပွားကို များစွာစောင့်ရှောက်မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ပင်လယ်ပြင် လွှမ်းမိုးကြီးစိုးနိုင်မှုကိုလည်း များစွာအထောက်အကူပြုလာမှာဖြစ်ကြောင်း။

**ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ကိုတွေ့ရစဉ်။**
(သတင်းစဉ်)

ထို့ကြောင့် ယခုဆိုလျှင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးတွင် ရေယာဉ်တည်ဆောက်ရေး အင်ဂျင်နီယာဘွဲ့ (B.E Naval Architecture)၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ (B.E Marine Engineering)၊ ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာဘွဲ့ (B.E Marine Electrical System & Electronics)၊ မြစ်ချောင်းများနှင့် သမုဒ္ဒရာ အင်ဂျင်နီယာဘွဲ့ (B.E River & Ocean Engineering) ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ (B.E Port & Harbour Engineering) ဆိုသည့် အင်ဂျင်နီယာဘွဲ့သင်တန်းများအပြင် ရေကြောင်းသိပ္ပံဘွဲ့နှင့် ရေကြောင်းသိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (B.Sc&B.Sc (Hons) (Nautical Science) သင်တန်းများကိုပါ ပေါင်းစည်းဖွင့်လှစ်ပို့ချပေးနိုင်နေပြီဖြစ်ကြောင်း။

## အဆင့်မြင့်ပညာရပ်များ

သင်ရိုးညွှန်းတမ်းများ၊ ပို့ချလေ့ကျင့်သင်ကြားပေးမှုများ နိုင်ငံတကာအဆင့်မီစေရန်အတွက် နိုင်ငံတကာ ရေကြောင်းပညာတက္ကသိုလ်များ၊ ပညာရှင်များနှင့် ဆက်သွယ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာမှ ဧည့်ပါမောက္ခများကိုလည်း ခေါ်ယူပို့ချပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ဆရာဆရာမများကိုလည်း အဆင့်မြင့်ပညာရပ်များဆည်းပူးနိုင်ရန် ပြည်ပသို့စေလွှတ်သင်ကြားစေလျက်ရှိသည်ကို တွေ့ရကြောင်း။

ထို့အပြင် နိုင်ငံတကာအဆင့်မီသင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းကိရိယာများလည်း ဝယ်ယူတပ်ဆင်ပေးပြီးဖြစ်သည့်အတွက် ယခုဆိုလျှင် Ship Handling Simulator & Engine Room Simulator များ၊ Engineering Application Software များ အပါအဝင် နိုင်ငံတကာအဆင့်မီ သင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

ယနေ့သစ်လွင်ခံ့ညားထည်ဝါသော တက္ကသိုလ်အဆောက်အအုံကြီးများပါ ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးသည် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ နိုင်ငံတကာ ရေကြောင်းပညာတက္ကသိုလ်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသည့် ခေတ်မီတက္ကသိုလ်အဖြစ် ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ကျောင်းသားများအနေဖြင့် အမိမြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီး၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အဆင့်မြင့်ရေကြောင်းဆိုင်ရာ ပညာရပ်များလေ့လာဆည်းပူးခွင့် ရရှိကြသည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ယနေ့ပေါ်ထွန်းလာပြီဖြစ်သည့် ခံ့ညားထည်ဝါသော တက္ကသိုလ်ကြီး၌ နိုင်ငံတကာအဆင့်မီ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းကိရိယာများကို ထိရောက်အကျိုးရှိစွာအသုံးပြုပြီး တန်ဖိုးရှိသောပညာရပ်များကို ကြိုးစားလေ့လာသင်ယူရင်း နိုင်ငံတော်က မျှော်မှန်းထားသည့် ထူးချွန်ထက်မြက်သော ရေကြောင်းဆိုင်ရာ ပညာရှင်များ၊ ဗိသုကာများ၊ အင်ဂျင်နီယာများ ဖြစ်လာစေရေအောင် အားထုတ်ကြိုးပမ်းသွားကြပါဟု မှာကြားလိုကြောင်း။

## လေ့ကျင့်သင်ကြား

ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့်မျိုးဆက်သစ်လူငယ်များကို အတတ်ပညာ၊ နည်းပညာဆိုင်ရာတွင် အရည်အသွေးမြင့်မားထက်မြက်စေရအောင်သာမက မိမိတို့ တတ်သိကျွမ်းကျင်သည့် ပညာရပ်များနှင့် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးသယ်ပိုးစွမ်းဆောင်ပေးလိုသော စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများပါတစ်ပါတည်း ဖြစ်ထွန်းလာစေရအောင် သွန်သင်ပဲ့ပြင်ပြီး ရည်မှန်းချက်အတိုင်း ပေါက်မြောက်အောင် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့**



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အတွင်း စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံအတွင်းတွင် လေကြောင်းနှင့် အာကာသပညာရပ်များ၊ ရေကြောင်းပညာရပ်များ တိုးတက်ဖြစ်ထွန်းလာစေရေး၊ လေယာဉ်တည်ဆောက်ရေးနှင့် ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ဗိသုကာပညာရှင်များနှင့် တည်ဆောက်ရေးအင်ဂျင်နီယာများ၊ လေကြောင်းပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးတို့နှင့်နီးနွယ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် သက်ဆိုင်ရာ တက္ကသိုလ်များထူထောင်သွားရန် လမ်းညွှန်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့ အလျင်အမြန်ပေါ်ထွန်းလာခဲ့ခြင်းပင်ဖြစ်ကြောင်း။

ရေကြောင်းပညာရပ်များနှင့်ပတ်သက်ပြီး ပြောရမည်ဆိုလျှင် ယနေ့ နိုင်ငံတကာတွင် ပင်လယ်ရေကြောင်းပို့ဆောင်ရေးသည် ကမ္ဘာ့ကုန်သွယ်ရေး၊ ကုန်စည်ပို့ဆောင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လွှမ်းမိုးကြီးစိုးနေဆဲဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသွားသင်္ဘောကြီးများ၊ ဇိမ်ခံသင်္ဘောကြီးများနှင့် အပန်းဖြေခရီးသွားလာမှုများလည်း တွင်ကျယ်ခေတ်စားနေသည်ကို တွေ့နိုင်ကြောင်း၊ ထို့ပြင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင်လည်း ရေကြောင်းဆိုင်ရာစွမ်းပကားသည် ပဓာနကျသည့်အခန်းကဏ္ဍက ပါဝင်နေဆဲဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အတွင်း ရေကြောင်းဆိုင်ရာ အရာရှိများ၊ ရေကြောင်းအင်ဂျင်နီယာများ၊ ရေယာဉ်နှင့် သင်္ဘောတည်ဆောက်ရေးဆိုင်ရာ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်ရေးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက်သာမက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက်ပါ များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

## အမျိုးသားအကျိုးစီးပွား

ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကဲ့သို့ မြစ်ချောင်းပေါများပြီး ရှည်လျားကျယ်ပြန့်သည့် ပင်လယ်ကမ်းရိုးတန်းများနှင့် တန်ဖိုးမဖြတ်နိုင်သော

ယင်းကဲ့သို့ အခြေအနေအချိန်အခါတွင် နိုင်ငံတကာအဆင့်မီ ရေကြောင်းဆိုင်ရာပညာရပ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားရေးကို ဖော်ဆောင်ပေးနိုင်မည့် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်ကြီးကို နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့်အညီ စနစ်တကျ ထူထောင်သွားနိုင်စေရန် နိုင်ငံတော်အစိုးရက စနစ်တကျ ဘက်စုံထောင့်စုံတွင် စီမံကိန်းများချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ခံ့ညားထည်ဝါသော ခေတ်မီတက္ကသိုလ်ကြီး ယခုကဲ့သို့ ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း။



**မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ်ပါမောက္ခချုပ် ဦးသိန်းထွန်းက မြန်မာနိုင်ငံ ရေကြောင်း ပညာ တက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ရေကြောင်း ပညာ တက္ကသိုလ် တည်ထောင် ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**
(သတင်းစဉ်)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးတွင် သင်ရိုးညွှန်းတမ်းများ၊ သင်တန်းဇယားများ နိုင်ငံတကာအဆင့်မီစေရေး၊ ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်း ကိရိယာများ၊ ရည်ညွှန်းစာအုပ်စာတမ်းများ ပြည့်စုံလုံလောက်စေရေး၊ ရေကြောင်းပညာရပ်ဆိုင်ရာ နယ်ပယ်စုံတွင် ဖြစ်ထွန်းနေသည့် ပညာရပ်များ စုံလင်စွာသင်ကြားနိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် ဆရာများ ပြည့်စုံလုံလောက်ရေးစသည့် လိုအပ်ချက်အဝဝကို ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်စေရန် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး စနစ်တကျ စီမံဆောင်ရွက်ခဲ့ကြောင်း။

## ဝမ်းမြောက်စကား



**မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် (ရေယာဉ်တည်ဆောက်ရေးပညာ) ဒုတိယနှစ် (အကြီးတန်း) ထူးချွန်ကျောင်းသားမောင်သက်နိုင်က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားစဉ်။**
(သတင်းစဉ်)

# ...ံ့များနှင့် ယှဉ်တွဲပြီး လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မြှင့်တင်ပေးနိုင်သည်နှင့်အမျ... ...အစည်းဘဝမှ ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အဖွဲ့အစည်းအဖြစ်သို့ တိုးတက်ဖြစ်ထွန်းလာမှာဖြစ်...

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆိုသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိရေး ဦးတည်လျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**ဖော်ညွှန်းပြသနေ**

ယခုအချိန်အခါတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ အပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်း အသီးသီး၏ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေခြင်းမှာ မိမိတို့၏ အမျိုးသားရေးမူဝါဒနှင့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများ၏ မှန်ကန်ပြည့်စုံမှုကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဆိုသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိစေရေး ဦးတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားရေး လုပ်ငန်းစဉ်ကြီးများ အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အောင်မြင်ပြည့်မြောက်ရေးသည် ပဓာနကျသော အခန်းကဏ္ဍတွင်ရှိနေသည် ဆိုခြင်းကို သိမြင်ခံယူပြီး တာဝန်ရှိသူ အသီးသီးက လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကောင်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးတင်ပြရာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၁၉၈၉ခု မေလ ၂၅ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီက လမ်းညွှန်ချမှတ်ပေးသည့် မူဝါဒဆိုင်ရာ လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကိုလည်း ၃၁-၅-၈၉ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ဗဟိုကော်မတီ အစည်းအဝေးများက ချမှတ်လမ်းညွှန်ပေးခဲ့သည့် မူဝါဒ ပိုင်းဆိုင်ရာ ကိစ္စရပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုနှင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများက နယ်စပ်ဒေသ တိုင်းရင်းသားများနှင့် ဟန်ချက်ညီ ပူးပေါင်းအားထုတ် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယနေ့အခြေအနေမှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့ရပါကြောင်း။

ဗဟိုကော်မတီ ဥက္ကဋ္ဌကြီး၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများတွင် စီးပွားရေး အခြေခံအဆောက်အအုံဖြစ်သည့် လမ်းတံတားကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍများ၊ လူမှုရေးဆိုင်ရာ အခြေခံ အဆောက်အအုံဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေးကဏ္ဍများ၊ ကုန်ထုတ်လုပ်မှုအခြေခံလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုရှာဖွေတူးဖော်ရေးနှင့် သစ်တောလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်တည်ဆောက်ပေးခဲ့ပါကြောင်း၊ တစ်ဖက်ကလည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် စီမံကိန်းများ ရေးဆွဲချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အချို့သော နယ်စပ်ဒေသများမှာ လူမှုစီးပွားရေး အခြေအနေများ မျှော်မှန်းသည်ထက် ပိုမိုတိုးတက်ဖြစ်ထွန်းလာခဲ့ပြီး မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုသည်လည်း သိသိသာသာ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း။

၁၉၈၉ခုနှစ်မှ စတင်ပြီး ယနေ့အထိ နယ်စပ်ဒေသ အသီးသီးတွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျဉ်းချုံး တင်ပြသွားမည်ဖြစ်ပါကြောင်း။

**လမ်းတံတားတည်ဆောက်ရေး**

လမ်းတံတားကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နယ်စပ်ဒေသများ၏ အဓိကလိုအပ်ချက်ဖြစ်သော လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်ခဲ့ရာတွင် မြေလမ်း ၂၉၀၃မိုင်၊ ကျောက်ခင်းလမ်း ၁၆၉၈မိုင်၊ ကတ္တရာလမ်း ၃၁၅မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း ၃၀၉၄ မိုင်၊ တံတားကြီး ၄၃ စင်း၊ တံတားငယ် ၆၆၁ စင်းနှင့် ကြိုးတံတား ၁၆ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေး သွားလာနိုင်သည့် လမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့၍ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်ကူးသန်းမှုပိုမို ဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းစွာဖြင့် ရခဲ့သည်ကို တွေ့ရပါကြောင်း။

စွမ်းအင်ကဏ္ဍအနေဖြင့် နယ်စပ်မြို့ ရှစ်မြို့ကို အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့/ရွာ ၁၈၆ခုတွင်လည်း မီးစက် ၂၅၁ လုံး တင်ဆင်ပေးနိုင်ခဲ့သည့်အတွက် မြို့/ရွာ မီးလင်းရေးနှင့် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ဒေသခံ တိုင်းရင်းသားများကလည်း ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် အငယ်စား၊ အလတ်စားများ ဆောင်ရွက်နေသဖြင့် လူနေမှုအဆင့်အတန်းများ များစွာ တိုးတက်လာခဲ့သည်ကို တွေ့မြင်ရပြီဖြစ်ပါကြောင်း။

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် စာတိုက် ၄၇ခု၊ ကြေးနန်းရုံး ၄၂ရုံး၊ တယ်လီဖုန်း လုပ်ငန်းပေါင်း ၈၀ခုတို့ကို တည်ဆောက်ပေးနိုင်သည့် အတွက် နယ်စပ်ဒေသ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ၊ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည်ကို တွေ့ရပါကြောင်း၊ နယ်စပ်ဒေသများနှင့် ရန်ကုန်ဗဟိုနှင့် တယ်လီဖုန်းဆက်သွယ်မှုများရနေသည့် အနေအထားမျိုးရောက်ရှိနေပြီဖြစ်ပါကြောင်း။

**ပညာရေးကဏ္ဍ**

ပညာရေးကဏ္ဍအနေဖြင့်တင်ပြရလျှင် နယ်စပ်ဒေသအသီးသီးတွင် အထက ၆၅ကျောင်း၊ အလက ၅၈ကျောင်း၊ အမက ၆၄၄ကျောင်း တိုးချဲ့ဆောက်လုပ် ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ၁၉၈၉-၉၀ ပညာသင်နှစ်တွင် မူလတန်းကျောင်းသား ၁၅၄၁ဦးနှင့် အလယ်တန်းကျောင်းသား ၁၂ဦးသာ ရှိခဲ့သည့် နယ်စပ်ဒေသများ၌ ယခုအခါ အထက်တန်းကျောင်းသား ၇၃၈၁ဦး၊ အလယ်တန်းကျောင်းသား ၃၂၀၃၆ဦးနှင့် မူလတန်းကျောင်းသား ၆၉၂၀၄ဦး စုစုပေါင်း ကျောင်းသူ၊ ကျောင်းသား ၁၀၈၆၂၁ ဦး ပညာသင်ကြားလျက် ရှိသည်ကို တွေ့ရကြောင်း၊ ၁၉၈၉ခုနှစ်နှင့် နှိုင်းစာလျှင် နယ်စပ်ဒေသ



**နယ်စပ်ဒေသနေ တိုင်းရင်းသားများ ရွှေ့ပြောင်းတောင်ယာစနစ်ကို ကုန်းမြင့်လယ်ယာစနစ်ဖြင့် အစားထိုး စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။** (ပုံတွင် လက်ဖက်ပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့နယ်မှ ကုန်းမြင့်လယ်ယာ သီမစ်လက်ဖက်စိုက်ခင်းကို တွေ့ရစဉ်။)

ကျောင်းသားအင်အားသည် ၆၉ ဆကျော် တိုးတက် တိုးပွားလာသည်ကို အားရဖွယ် မြင်တွေ့ရပြီဖြစ်ပါကြောင်း၊ နယ်စပ်ဒေသကျောင်းသားအင်အား တိုးပွားလာခြင်းသည် အပြန်အလှန်နားလည်ယုံကြည်မှုနှင့် တရားဥပဒေစိုးမိုးတည်ငြိမ်မှုကို ဦးတည်စေသဖြင့် ကြီးမားသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကြီးစွာ အထောက်အကူပြုလျက်ရှိပါကြောင်း။

ပြည်သူ့ဆက်ဆံရေးကဏ္ဍအနေဖြင့် ဆက်လက်တင်ပြရလျှင် နယ်စပ်ဒေသအသီးသီး၌ ရုပ်မြင်သံကြား ထပ်ဆင့်အသံလွှင့်စက်ရုံ ၉၇ ရုံကို တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်တစ်ဝန်းဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်မှုများကို နယ်စပ်ဒေသအစွန်အဖျားမှာရှိကြသည့် တိုင်းရင်းသား ညီအစ်ကိုများ သိရှိလေ့လာခွင့်ရရှိခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိပါကြောင်း၊ ဝေးလံခေါင်သီပြီး ဆင်းရဲချို့တဲ့သည့် ဒေသကရွာများတွင် ရုပ်မြင်သံကြားဖမ်းစက် ထောက်ပံ့ကြည့်ရှုစေခြင်းဖြင့် ပြန်ကြားရေးလုပ်ငန်းကို ချဲ့ထွင်ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ဒေသ တိုင်းရင်းသားများ အသိပညာနှင့် ဗဟုသုတတိုးပွားရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသများတွင် ဆေးရုံ ၅၄ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၃၂ခု၊ ကျန်းမာရေးဌာနခွဲ ၅၂ခု၊ နယ်စပ်ဆေးပေးခန်း ၈၁ခု တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် နယ်စပ်ဒေသများတွင် ရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့် ပညာပေးရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အရှိန်အဟုန်ရရှိနေပြီ ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ထူးထူးခြားခြား ဖြစ်ထွန်းနေသည်ကိုလည်း တွေ့ရပါကြောင်း။

**စိုက်ပျိုးရေး**

စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍအနေဖြင့် နယ်စပ်ဒေသများ၌ စိုက်ပျိုးရေးရုံး ၃၁ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၄၃ခု၊ တိုင်းတာပြီးဆည် ၁၇ခု၊ တူးမြောင်း လေးခုနှင့် ထွန်စက်စခန်း ၁၁ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသရိက္ခာ ဖူလုံရေးအပြင် စီးပွားဖြစ် သီးနှံများ စိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများကတစ်ဆင့် စီးပွားရေး အခြေခံများ ဖြစ်ထွန်းလျက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍက အပိုဝင်ငွေများ ရရှိခြင်းနှင့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးကိုပါ ပိုမိုတိုးတက်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရပါကြောင်း။

မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့်ဆိုလျှင် မွေးမြူရေးခြံ ၁၉ ခြံ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံးတို့ကို နယ်စပ်အစွန်အဖျားဒေသများ၌ ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့်မြည်းမျိုးကောင်း ၁၁၁ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးကာ မျိုးပွားမှုလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သစ်တောပျိုးဥယျာဉ် ခုနစ်ခု သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော လေးခု၊ စီစဉ်ဆဲကြိုးဝိုင်းသစ်တော လေးခု၊ သစ်စက် ၁၂ခုတို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှုမှ ဟန့်တားရေးတို့ကို ဒေသခံ တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိနေပြီဖြစ်ပါကြောင်း၊ ဥပဒေမဲ့ သစ်ထုတ် သစ်ခုတ်ထွင်မှုများကိုလည်း တားဆီးနိုင်ခဲ့ပါကြောင်း။

သတ္တုကဏ္ဍအနေဖြင့် နယ်စပ်ဒေသသတ္တုသိုက်များကနေ ရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ်တွေ့ရှိသည့် သတ္တုသိုက်များကို စနစ်တကျ တူးဖော်ရေး၊ သတ္တုကဏ္ဍမှ နယ်စပ်ဒေသတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်လာရေး ဦးတည်ချက်များဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အချို့ဒေသများတွင် စီးပွားဖြစ် သတ္တုထုတ်လုပ်မှုများ ဆောင်ရွက်နိုင်လျက် ရှိနေပြီဖြစ်ပါကြောင်း၊ အထူးသဖြင့် 'ဝ'ဒေသနှင့် မိုင်းလားဒေသတွင် သတ္တုထုတ်လုပ်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်နေသည်ကို တွေ့ရှိရပါကြောင်း။

စီးပွားရေးအခြေခံအဆောက်အအုံများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ သတ္တုကဏ္ဍများတွင်လည်း နိုင်ငံတော်က တည်ဆောက်ပေးသည့် အခြေခံအဆောက်အအုံများပေါ်မှီတည်ပြီး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်ပါကြောင်း၊ ဤကဲ့သို့ အခြေခံကောင်းများ ရရှိအောင် ၁၉၈၉ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေက ငွေကျပ်သန်း ၂၆၀၀၀ကျော်၊ ဘီလျံအားဖြင့် ၂၆ဘီလျံ၊ ဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်သည့် ငွေကျပ်သန်းပေါင်း ၂၇၀၀၀ကျော်၊ စုစုပေါင်းငွေကျပ် သန်းပေါင်း ၅၄၀၀၀သုံးစွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ဘီလျံအနေဖြင့်ဆိုလျှင် ၅၄ ဘီလျံ သုံးစွဲပြီးဖြစ်ပါကြောင်း။

**ကုန်းမြင့်လယ်ယာစနစ်**

တောင်ပေါ်ဒေသ တိုင်းရင်းသားများ ဘဝတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြင့်လယ်ယာစနစ်သို့ ပြောင်းလဲရေးကို ပထမအဆင့် (၅)နှစ်စီမံကိန်း စတင်ဆောင်ရွက်လျက်ရှိရာတွင် ယခုအချိန်ထိ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်၌ ၇၃၂၆ဧက ဖော်ထုတ်ပြီး စတင် အရှိန်အဟုန် ရရှိနေပြီဖြစ်ပါကြောင်း။

ဆက်လက်ပြီး နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် ဆောင်ရွက်ချက်များကို တင်ပြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးနှင့် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးတို့ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိရာတွင် နယ်စပ်ဒေသများမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးသည့် တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးနိုင်အောင် နယ်စပ်ဒေသအသီးသီး၌ တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းပေါင်း ၁၉ ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုပညာ သင်တန်းကျောင်း ၁၆ ကျောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် နှစ်ခု အသီးသီး ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိပါကြောင်း။

တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းပေါင်း ၁၉ ကျောင်းတွင် ယခု ပညာသင်နှစ်၌ မူလတန်း ၃၇၇ဦး၊ အလယ်တန်း ၉၂၃ဦးနှင့် အထက်တန်း ၄၄၉ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၁၇၄၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါကြောင်း၊ ထပ်မံ၍ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ရှစ်ကျောင်းကို လားရှိုး၊ ပင်လုံ၊ ဘားအံ၊ ပခုက္ကူ၊ ဖလမ်း၊ တွန်းခံ့၊ ကလေးနှင့် ထန်တလန်တို့၌ ဖွင့်လှစ်နိုင်ရေး စတင် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း။

ထို့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန အထောက်အပံ့ခံကျောင်းများဖြစ်သည့် ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ ပလက်ဝ၊ မိုင်းဆတ်၊ လေရှီး၊ လဟယ်၊ မိုင်းပျဉ်း၊ ဖလမ်း၊ မင်းတပ်တို့ရှိ ပရဟိတကျောင်းများနှင့် မတူပီရှိ မိဘမဲ့ကျောင်းမှ ကျောင်းသားစုစုပေါင်း ၅၇၉ဦးအတွက်ကိုလည်း ဆန်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

အဆိုပါ သင်တန်းကျောင်းများက ပညာရည်မြင့်မားသည့် တိုင်းရင်းသားလူငယ်များအား တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် နှစ်ခု ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားလူငယ် ၁၄၁ဦးကို ဘွဲ့/ဒီဂရီ ရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်း ဘွဲ့/ဒီဂရီ ရရှိပြီးဖြစ်သည့် ၁၄၁ ဦးသည်လည်း နယ်စပ်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●**

## ဗုဒ္ဓအဘိဓမ္မာသင်တန်း ပို့ချမည်

**ရန်ကုန် မတ် ၂၉**

သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာမင်းတင်မွန်(မဟာသဒ္ဓမ္မဇောတိကဓဇ)သည် ဗုဒ္ဓအဘိဓမ္မာသင်္ဂြိုဟ်ကိုးပိုင်းကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း အမှတ်(၅၅၀)ရှိ မဟာသိမ်တော်ကြီး ဓမ္မာရုံတွင် မတ် ၂၈ရက်မှစ၍ ဧပြီ ၆ရက်အထိ နေ့စဉ် ညနေ ၆နာရီမှ ည၉နာရီအထိ ဓမ္မဒါနပို့ချပေးလျက်ရှိရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

# သားငါးဖွံ့ဖြိုး ပြည့်အကျိုး

# ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာကျဆင်းသွားသည်ကို နိုင်ငံတကာအဖွဲ့အစည်းများက ကိန်းဂဏန်းများဖြင့် ဖော်ပြနေ

● စာမျက်နှာ ၉ မှ

ဒေသများ၌ပင် ဝန်ကြီးဌာနအသီးသီး၌ တာဝန်များပေးပြီး နယ်စပ်ဒေသများ၌ တာဝန်ထမ်းရွက်လျက် ရှိနေပြီဖြစ်ပါကြောင်း၊ ယခု ပညာသင်နှစ်တွင်လည်း တိုင်းရင်းသားလူငယ် ၃၈၈ ဦးကို ဝိဇ္ဇာ/သိပ္ပံနှင့် AGTI ပညာရပ်များ သင်ကြားပေးလျက်ရှိနေပြီဖြစ်ပါကြောင်း။

အမျိုးသမီး အိမ်တွင်းမှုပညာသင်တန်းကျောင်းများနှင့် ပတ်သက်၍ နယ်စပ်ဒေသ အမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံကို သွားရောက်အလုပ်လုပ်ကြသည့်အခါ အကျင့်စာရိတ္တပျက်ပြားမှု၊ လူမှုရေးအရ နစ်နာမှုမဖြစ်စေရန် အဓိကရည်ရွယ်ပြီး နယ်စပ်ဒေသအသီးသီးတွင် အမျိုးသမီး အိမ်တွင်းမှုပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိသည့်အတွက် ယခုဆိုလျှင် ဖွင့်လှစ်ပြီး ၁၆ကျောင်းမှ ယနေ့အထိ နယ်စပ်ဒေသ အမျိုးသမီးငယ် ၁၂၇၁၇ဦးအား အိမ်တွင်းမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် ရာသီဥတု အေးမြသည့်ဒေသဖြစ်သော ချင်းပြည်နယ်၌ ဒေသနှင့် ကိုက်ညီမှုရှိမည့် သိုးမွေးထိုးပညာရပ်ကို အထူးပြုဘာသာတစ်ရပ်အနေဖြင့် သင်ကြားပေးလျက်ရှိနေပြီဖြစ်ပါကြောင်း။

### မူးယစ်ဆေးဝါးပပျောက်ရေး

ဆက်လက်ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းချက်အခြေအနေများကို ဆက်လက်တင်ပြမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရည်ရွယ်ချက်ငါးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် **နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းစေရန်** ဆိုသည့် ရည်ရွယ်ချက်တစ်ရပ်ကိုလည်း မူဝါဒအနေဖြင့် ထည့်သွင်းချမှတ် ဆောင်ရွက်စေခဲ့ခြင်းကြောင့်လည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဘိန်းစိုက်ပျိုးဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများကို ဦးစားပေးတည်ဆောက်ပေးခဲ့ပါကြောင်း၊ စာရင်းဇယားများ အရကြည့်မည်ဆိုလျှင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေစုစုပေါင်း၏ ၇၉ဒသမ ၅ရာခိုင်နှုန်းကို ဘိန်းစိုက်ပျိုးမှုနှင့် ဆက်စပ်နေသည့် ဒေသများ၌ သုံးစွဲဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးခဲ့၍လည်း နယ်စပ်ဒေသများရှိ ဘိန်းစိုက်တောင်သူများသည် အခြားစီးပွားရေးအခွင့်အလမ်းများပေါ်ပေါက်လာပြီး ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှုသိသိသာသာ လျော့နည်းကျဆင်းလာသည်ကိုလည်း တွေ့ရပါကြောင်း။

ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အခြေခံစာရင်းကောက်ယူမှုအရ လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း ကွင်းဆင်းတိုင်းတာမှုအပေါ် အခြေခံထုတ်ပြန်သည့် အမေရိကန်အစိုးရ၏ နှစ်စဉ်ထုတ်ပြန် ကြေညာချက်အရလည်းကောင်း ဘိန်းစိုက်ပျိုးမှု တစ်နှစ်ပြီးတစ်နှစ် လျော့နည်းကျဆင်းနေသည် ဆိုသည်ကို ထုတ်ပြန်ချက်များအရ တွေ့ရပါကြောင်း၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ INCB ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ၂၀၀၃ခုနှစ် ဘိန်းစိုက်ပျိုးမှုသည် ၄၇၁၃၀ ဟက်တာ ဖြစ်သည့်အတွက် ၁၉၉၆ခုနှစ်က ဘိန်းစိုက်ပျိုးမှု ၁၆၃၀၀၀ဟက်တာနှင့် နှိုင်းစာလျှင် သုံးပုံနှစ်ပုံ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များတွင် တစ်ခုနှင့်တစ်ခု အနည်းငယ်ကွာခြားမှုရှိသော်လည်း ဤကာလအတွင်း မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာ လျော့နည်းကျဆင်းသွားသည်ဆိုသည်ကို နိုင်ငံတကာအဖွဲ့အစည်းများကနေပြီး ကိန်းဂဏန်းများဖြင့် ဖော်ပြပေးကြသည်ကို တွေ့ရပါကြောင်း။

မူးယစ်ဆေးဝါးထုတ်လုပ်မှု ကျဆင်းပပျောက်ရေးအတွက် ယခင်က ဘိန်းခင်းများကို လေယာဉ်ဖြင့် ဆေးဖျန်းဖျက်ဆီးခြင်း၊ စစ်ဆင်ရေးကြီးများဖြင့် တားဆီးနှိမ်နင်းဖျက်ဆီးခြင်းလုပ်ငန်းများကို ပြင်းပြင်းထန်ထန်ပြုလုပ်ခဲ့သော်လည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းမှုမရှိသည်ကို တွေ့ရပါကြောင်း၊ ယခုကာလမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ပေးသည့်အခါ၌ ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာသည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသ တိုင်းရင်းသားများအကြား မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို အသိပညာပေးနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာ လျော့နည်းကျဆင်းနေပြီ ဖြစ်ပါကြောင်း၊ ဘိန်းပပျောက်ရေး (၁၅)နှစ်စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံချက်တို့ကို ဖြည့်စွက်ပြီးဆောင်ရွက်နေသည့်အတွက် ဘိန်းသိသိသာသာ ကျဆင်းမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရပါကြောင်း၊ ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့က ဒုတိယဝန်ကြီးလေးဦး ဦးဆောင်သည့် Task Forceအဖြစ် ဖွဲ့စည်းပေးပြီး ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)နှင့် မူးယစ်ဗဟို ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ‘ဝ’ဒေသ အခြားနည်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း Wa Alternative Development Project(WADP) စီမံကိန်းကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ဒသမ၆၂၃ သန်းဖြင့် ၁၉၉၈ခုနှစ်မှစ၍ ၂၀၀၅ခုနှစ်အထိ ‘ဝ’ဒေသ(တောင်ပိုင်း) မိုင်းပေါက်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDS ရောဂါ အသိပညာပေးရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှု စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဆန်ထောက်ပံ့

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)အနေဖြင့် ၂၀၀၃ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ကိုးကန့်ဒေသ ဘိန်းမစိုက်ပျိုးသော တောင်သူများအား ဆန်တန်ချိန် ၇၆၀ကို ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ဆန်များကို ကုန်းကြမ်းမြို့နယ် ရှောက်ကိုင်နှင့်တာရွှေထန်တို့တွင် ကျေးရွာအရောက် သယ်ယူထောက်ပံ့ပေးခဲ့ပြီး သယ်ယူစရိတ်နှင့်ဆန်ဖိုးအပါအဝင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၉ သိန်း သုံးစွဲခဲ့ပါကြောင်း၊ WFPမှ ဒုတိယအဆင့်အနေဖြင့် ၂၀၀၄ ခုနှစ် ဧပြီလမှ ၂၀၀၅ခုနှစ် မတ်လကုန်အထိ ဆန်တန်ချိန် ၉၈၅၅တန်ကို ကိုးကန့် “ဝ”၊ ကောင်းခါး၊ မုံးကိုး၊ဖောင်းဆိုင်၊တာမိုးညဲ၊ မန်တုံ၊ မန်ပန်ဒေသအတွင်းတွင် Food for Work နှင့် School Feeding အစီအစဉ်များဖြင့် ဖြန့်ဝေပေးသွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ စရိတ်စကအပါအဝင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆သန်း အကုန်အကျခံ ထောက်ပံ့သွားမည်ဟု သိရပါကြောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအဆင့်(၄) HDI Phase IV မှ ဝေးလံမြို့နယ်များ ဖွံ့ဖြိုးမှုစီမံကိန်း CDRT Project ကို UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ဒသမ၅သန်းဖြင့် ၂၀၀၂ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလအထိ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါစီမံကိန်းကို မြစ်ကြီးနား၊ဝိုင်းမော်၊တနိုင်း၊ဟားခါး၊ ဖလမ်း၊ တီးတိန်၊ထန်တလန်၊ ပလက်ဝ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေတိုးပွားရရှိရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောပြုန်းတီးမှုကာကွယ်ရေးနှင့် AIDS ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ဂျပန်နိုင်ငံ Nippon Foundation အနေဖြင့်လည်း အမေရိကန်ဒေါ်လာ သုံးသန်း အထောက်အပံ့ဖြင့် ရှမ်းပြည်နယ်အတွင်း စာသင်ကျောင်း ၁၀၀ ဆောက်လုပ်လှူဒါန်းရေး စီမံကိန်းကို နတလနှင့် ဂျပန် NGO စေတနာအဖွဲ့က ၂၀၀၂ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၂ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၄ကျောင်းနှင့် တောင်ပိုင်းတွင် ၂၆ကျောင်း စုစုပေါင်း ကျောင်း ၄၀ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၀၄ခုနှစ်တွင် ကျောင်း ၂၀ ထပ်မံဆောက်လုပ်ရန် ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

### တိုးတက်ပြောင်းလဲလာ

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒလမ်းညွှန်ချက်များအတိုင်း လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုနှင့် ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာလုပ်ငန်း ကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများက ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူများနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ သိသိသာသာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာသည်ကိုလည်း တွေ့မြင်နေရကြောင်း၊ ဤကဲ့သို့ နယ်စပ်ဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့်လည်း မြန်မာနိုင်ငံ၏ ဒေသအသီးသီးက တိုင်းရင်းသားပြည်သူများသည် အပြန်အလှန် ကူးလူးဆက်သွယ်မှုများ များပြားလာပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်ကိုးစားလေးစားမှု ပိုမိုမြင့်မားလာသည်ကိုလည်း အားရဖွယ်ရာ တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် ဗဟိုကော်မတီ၏ ယခင်အစည်းအဝေးများနှင့် ယခုအစည်းအဝေးတွင် ချမှတ်ပေးသည့် မူဝါဒဆိုင်ရာလမ်းညွှန်ချက်များကို ဆက်လက်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသွားသည်။

### ၁၅ နှစ်ကာလ

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရန် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။** အပေါ်ပုံ **မှာ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးကို တွေ့မြင်ရစဉ်။**

**ရှမ်းပြည်နယ် (မြောက်ပိုင်း) လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူ ပြုလျက်ရှိသော လားရှိုးဒီဂရီကောလိပ်၏ မြင်ကွင်းကို တွေ့ရစဉ်။**



● စာမျက်နှာ ၁၀ မှ

ဗဟိုကော်မတီ အတွင်းရေးမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများနှင့် ထိစပ်နေသည့် ပြည်နယ်ခုနစ်ခုနှင့် တိုင်းနှစ်ခုအတွင်းက မြို့နယ် ၆၈မြို့နယ်၌ ၁၉၈၉ခုနှစ်ကစတင်ပြီး အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ၁၅နှစ်ကာလ ရှိပြီဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ဗဟိုကော်မတီအစည်းအဝေးတွင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ရရှိလာပြီဖြစ်သည်နှင့်အညီ အခြားဖွံ့ဖြိုးတိုးတက်နေသည့် နယ်မြေဒေသများကဲ့သို့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများ ဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် အထက်တန်း၊ အလယ်တန်းကျောင်းများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများကို ဒေသ၏ လိုအပ်ချက်များအပေါ်မူတည်ပြီး ဖြည့်ဆည်းတည်ဆောက်ပေးရန်ဟူသည့် လမ်းညွှန်ချက်နှင့်စပ်လျဉ်း၍ ၂၉-၂-၂၀၀၄ရက်နေ့အထိ အထက ၆၅ကျောင်း၊ အလက ၅၈ကျောင်း၊ အမက ၆၄၄ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ သင်ကြားရေးဝန်ထမ်း ၃၀၈၃ဦးဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၈၆၂၁ဦး ပညာသင်ကြားနိုင်လျက်ရှိပါကြောင်း။

**ကျန်းမာရေးလုပ်ငန်း**

အလားတူ ကျန်းမာရေးလုပ်ငန်းတွင်လည်း ၂၉-၂-၂၀၀၄ရက်နေ့အထိ ဆေးရုံ ၅၄ရုံ၊ ဆေးပေးခန်း ၈၁ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၃၂ခု၊



**နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အ ထည် ဖော် ရေး ဗ ဟို ကော် မ တီ အတွင်းရေးမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ် စပ် ဒေ သ နှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အ ထည် ဖော် ရေး ဗဟို ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၄)တွင် ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

တောင်သူအစီအစဉ်ဖြင့် ၃၄၅၀ ဒသမ ၂၈ဧက စုစုပေါင်း ၇၃၂၆ ဒသမ ၄၀ဧကကို ကုန်းမြင့်လယ်ယာများအဖြစ် ဖော်ထုတ်ပြီးဖြစ်ပါကြောင်း။

နယ်စပ်ဒေသများတွင် စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကို ပြည်သူများအတွက် ပြည့်ပြည့်ဝဝ ထိရောက်ထက်မြက်စွာ ဆောင်ရွက်ပေးနိုင်စေရန်

အထည်ဖော်ဆောင်ရွက်နေမှု၊ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဒေသများ လျာထားခဲ့မှု၊ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်နေမှု၊ စက်ယန္တရားလိုအပ်ချက်နှင့် ဖြည့်ဆည်းရရှိမှု၊ စက်ယန္တရားများ ဖြန့်ခွဲထားရှိမှု၊ ဝန်ထမ်းအင်အားနှင့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေး အစီအစဉ်၊ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်မည့် ပမာဏ၊ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် ဖြစ်ပေါ်လာသည့် ပြုန်းတီးသစ်တောများကို စနစ်တကျ ပြုစုထိန်းသိမ်းသွားမည့် လုပ်ငန်းရည်ရွယ်ချက်များ၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုများ၊ ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဒေသအလိုက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မဟာဗျူဟာလမ်းများ တည်ဆောက်ထိန်းသိမ်းမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရည်မှန်းချက်ထား**

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်ပြီး နိဂုံးချုပ်



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၄)တွင် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် သစ်တောများကို စနစ်တကျ ပြုစုထိန်းသိမ်းသွားမည့် လုပ်ငန်းရည်ရွယ်ချက်များ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် ဒေသအလိုက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်ထည်ဖော်ရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မဟာဗျူဟာလမ်းများ တည်ဆောက် ထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၂ခုထိ တိုးချဲ့ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နယ်စပ်ဒေသများ၌ ရွှေ့ပြောင်းတောင်ယာစနစ် ကျင့်သုံးနေသော တောင်သူများအတွက် လှေကားထစ်တောင်ယာစနစ်၊ တစ်နည်းအားဖြင့် ကုန်းမြင့်လယ်ယာစနစ် ထူထောင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ စီမံကိန်း စတင်ဆောင်ရွက်သည့် အချိန်မှ ၁၈-၃-၂၀၀၄ရက်အထိ ဌာနအစီအစဉ်ဖြင့် ၃၈၇၆ ဒသမ ၁၂ဧက၊

လိုအပ်သည့် ပြည်နယ်နှင့်တိုင်းများ၌ ဌာနဆိုင်ရာ ရုံးများ၊ ကျောင်းများ၊ ဆေးရုံများကို ဖွင့်လှစ်ဖွဲ့စည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထူးခြားသည့် နယ်မြေအခြေအနေအရ တချို့ဒေသများတွင် အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်းအပြင် အခြေခံပညာ အလယ်တန်းကျောင်း တစ်ကျောင်း (သို့မဟုတ်)နှစ်ကျောင်းဖွင့်လှစ်ရန် လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ရည်ရွယ်ချက်ငါးရပ်ဖြင့် အကောင်

အမှာစကားပြောကြားရာတွင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် တိကျခိုင်မာသော မျှော်မှန်းချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်သည့်အားလျော်စွာ လုပ်ငန်းများအကောင်အထည်ဖော်ဖြစ်ထွန်းသည်အထိ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်မြင်စေရအောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြရန်လည်းလိုကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❀



**ဆောင်ရွက်**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီး ဖေငြိမ်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုး များ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၀၄)တွင် အ ခမ်း အ နား မှူး အဖြစ် ဆောင်ရွက်စဉ်။** (သတင်းစဉ်)

**ငြိမ်းချမ်းခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်း၏ အသီးအပွင့်များကို ခံစားရရှိနေပြီဖြစ်သော နယ်စပ်မြို့ လောက်ကိုင်၏ မြို့ပြပုံရိပ်ကို တွေ့ရစဉ်။**



❀ စာမျက်နှာ ၁၁ မှ

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ စဉ်ဆက်မပြတ် ဖြစ်ထွန်းနေစေရေအောင်လည်း ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နယ်စပ်ဒေသနေ တိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေး၊စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်နေသည့် ကုန်းမြင့်လယ်ယာစနစ် ပီပီပြင်ပြင် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေအောင် ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**အခြေတကျဖြစ်အောင်**

တောင်ယာများ ရွှေ့ပြောင်းစိုက်ပျိုးမှု၊ အချို့ဒေသများတွင် ဘိန်းရွှေ့ပြောင်းစိုက်ပျိုးမှုများ လုံးဝပပျောက်စေရေအောင် စီမံဆောင်ရွက်ရန်လိုကြောင်း၊ ရွှေ့ပြောင်းစိုက်ပျိုးနေသည့် တိုင်းရင်းသားများကို အိမ်ခြေယာခြေ အခြေတကျဖြစ်အောင် ကုန်းမြင့်လယ်ယာ စိုက်ပျိုးမြေများ ဖော်ထုတ်လုပ်ကိုင်စေခြင်း၊ ပညာရေး၊ ကျန်းမာရေးအခြေခံများ ထူထောင်ပေးခြင်းတို့ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအစီအမံများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ သိသာစွာတိုးတက်ဖြစ်ထွန်းလာပြီဖြစ်ရာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို တိုးမြှင့်ဆောင်ရွက်ပေးရန်လိုကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဖွံ့ဖြိုးမှုနောက်ကျနေသောဒေသများနှင့် ဖွံ့ဖြိုးပြီးဒေသများ ဆက်စပ်ပေါင်းစည်းမိပြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုတိုးတက်မြန်ဆန်လာမှာ ဖြစ်ကြောင်း။

**တွဲဖက်ဆောင်ရွက်**

သို့ဖြစ်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဖွံ့ဖြိုးရေးနှင့် စည်းရုံးရေး တွဲဖက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# ထီးတော်တင်လှူပွဲနှင့် သိက္ခာထပ် အလှူတော်မင်္ဂလာ

**ရန်ကုန် မတ် ၂၉**

ကျေးဇူးရှင် အောင်ဘုန်းပွင့်ဆရာတော်ကြီးအား ဦးထိပ်ထား၍ဘုရားဒါယကာ ဦးအောင်မင်း-ဒါယိကာမဒေါ်စန်းစန်းမြိုင် (အောင်သပြေ တာယာကွန်ပေါင်းလုပ်ငန်းပိုင်ရှင်) မိသားစုနှင့် အောင်ဘုန်းပွင့် သာသနာ့အကျိုးဆောင်များ ဦးစီးဦးဆောင်၍ ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်၊ အောင်သိဒ္ဓိပါဠိ ကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ပြည်လုံးချမ်းသာအေး ကမ္ဘာ့အောင်မြေ ကျိုက်ထီးရိုးစေတီတော်၏ ထီးတော်တင်လှူပွဲနှင့် တိပိဋကဓရ ဆရာတော် အရှင်မြတ်တို့အား သိက္ခာထပ် အလှူတော်မင်္ဂလာကို ၁၃၆၅ခုနှစ်၊ တန်ခူးလပြည့်၊ (ဧပြီ၄ရက်) တနင်္ဂနွေနေ့ နံနက်၈နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်သည်။

တန်ခူးလပြည့်နေ့ညတွင် ရွှေစင်တိပိဋကဓရ တိပိဋကကောဝိဒ မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရကလည်းကောင်း၊ လပြည့်ကျော် ၁ရက်ညတွင် တောင်ဥက္ကလာပ မိုးကုတ်ဝိပဿနာရွှေမြင့်မိုရ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘဏ ကလည်းကောင်း၊ လပြည့်ကျော် ၂ရက်ညတွင် နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ စစ်ကိုင်းရွှေဟင်္သာ နယ်လှည့်ဓမ္မကထိက ဆရာတော်အရှင် အာစာရာလင်္ကာရတို့က တရားဒေသနာတော်များ ဟောကြားမည်ဖြစ်၍ လှူဒါန်းလိုပါက ဖုန်း၀၁-၇၂၂၆၅၁၊ ၆၅၀၂၆၈၊ ၆၆၅၂၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)



အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့်ရရှိသွားသည့် လယ်ယာထွက်ကုန် ဘောလုံးအသင်းနှင့် ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲတွင် ပထမရရှိခဲ့သော မြန်မာ့လက်ရွေးစင်အသင်းမှ စီးပွား/ကူးသန်း ဘောလုံးအသင်း ဘောလုံးသမားနှစ်ဦးတို့အား ဂုဏ်ပြုပွဲကို မတ် ၂၆ရက်ကကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက လယ်ယာထွက်ကုန် ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (ကြေးမုံ)

# မြန်မာ့အသံ တိုင်းရင်းသားအစီအစဉ်များ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်

**ရန်ကုန် မတ် ၂၉**

မြန်မာ့အသံက သုံးလတစ်ကြိမ် အက္ခရာစဉ်အလိုက် အလှည့်ကျ ပြောင်းလဲထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသား အစီအစဉ်များကို ဧပြီ ၁ရက်မှ ဇွန် ၃၀ ရက်အထိ လှိုင်းတို ၆၃ဒသမ၄၉ မီတာမှနေ၍ ရှမ်းဘာသာအစီအစဉ်ကို မွန်းလွဲ ၂နာရီမှ ၂နာရီ၄၅မိနစ်ထိ၊ ကချင်ဘာသာအစီအစဉ်ကို မွန်းလွဲ ၂နာရီ ၄၅မိနစ်မှ ညနေ ၃ နာရီခွဲထိ၊ ကယားဘာသာအစီအစဉ်ကို ညနေ ၃နာရီခွဲမှ ၄နာရီ ၁၅ မိနစ်ထိ၊ စကောကရင်ဘာသာ အစီအစဉ်ကို ညနေ ၄ နာရီ ၁၅ မိနစ်မှ ၅ နာရီထိ၊ ပိုးကရင်ဘာသာအစီအစဉ်ကို ညနေ ၅ နာရီမှ ၅ နာရီ ၄၅ မိနစ်ထိ၊ ချင်းဘာသာအစီအစဉ်ကို ညနေ ၅ နာရီ ၄၅ မိနစ်မှ ညနေ ၆ နာရီခွဲအထိ၊ မွန်ဘာသာအစီအစဉ်ကို ညနေ ၆ နာရီခွဲမှ ၇ နာရီ ၁၅ မိနစ်ထိ၊ ရခိုင်ဘာသာအစီအစဉ်ကို ည ၇ နာရီ ၁၅မိနစ်မှ ၈နာရီထိ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

❍ စာမျက်နှာ ၇ မှ

လေ့ကျင့်သင်ကြားပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း၊ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးတွင် အဓိကလိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးဆိုသော ဦးတည်ချက်ဖြင့် အမိမြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးမှသည် ထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော ရေကြောင်းဆိုင်ရာပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေအောင် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဆရာ၊ ကျောင်းသားညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ

- **ယနေ့ပေါ်ထွန်းလာပြီဖြစ်သည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကျောင်းတော်သစ်ကြီးတွင် အဆင့်မြင့်ရေကြောင်းပညာရပ်များကို ပျော်ရွှင်ချမ်းမြေ့စွာ သင်ယူဆည်းပူးလေ့လာရင်း နိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ ရေကြောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု၌ ဦးဆောင်နိုင်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ ဖြစ်လာစေရေအောင် အားထုတ်ကြိုးပမ်းသွားကြပါ၊**
- **အမိမြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ကြီးကို နိုင်ငံတော်အတွက် လိုအပ်နေသည့် ရေကြောင်းသိပ္ပံပညာရှင်များ၊ ရေယာဉ်တည်ဆောက်မှုဆိုင်ရာ အင်ဂျင်နီယာများနှင့် ဗိသုကာများ၊ မြစ်ချောင်းနှင့် သမုဒ္ဒရာဆိုင်ရာ ပညာရှင်များ၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုဆိုင်ရာ ပညာရှင်များ စသည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးတွင် နိုင်ငံတော်က အားထားရသည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးအဖြစ် ထာဝရတင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်စေရေအောင် ဆရာ၊ မိဘ၊ ကျောင်းသားများ ပူးပေါင်းပါဝင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရေကြောင်းပညာတက္ကသိုလ်ကြီးကို အချိန်တိုအတွင်းတွင် ပြီးပြည့်စုံသော နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးအဖြစ် ဖွင့်လှစ်နိုင်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို အကျဉ်းချုံးတင်ပြလိုပါကြောင်း။

ယခုအခါတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော ပင်လယ်ရေကြောင်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူအရာရှိများ၊ အင်ဂျင်နီယာများ၊ သင်္ဘော တည်ဆောက်မှုဆိုင်ရာ ဗိသုကာအင်ဂျင်နီယာများစသည်တို့ကို မွေးထုတ်ပေးနိုင်မည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဖြစ်မြောက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြပါကြောင်း။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ စာတွေ့ လက်တွေ့ မျှတအောင်သင်ကြားပေးပြီး ကျောင်းပိတ်ရက်များတွင် သင်္ဘောကျင်းများ၊ စက်ရုံများ၌ လက်တွေ့လေ့လာ ဆည်းပူးမှုပြုလုပ်စေကြောင်း၊ အခါအားလျော်စွာ မြစ်ကြောင်းခရီး၊ ပင်လယ်ရေကြောင်းခရီးတို့ကိုလည်း ကြယ်ငါးပွင့်ရေယာဉ်များနှင့် ပြည်တွင်းရေကြောင်း ရေယာဉ်များကိုအသုံးပြု၍ လက်တွေ့ရေယာဉ်ပေါ်တွင် သင်ကြားပေးသည့် အခွင့်အလမ်းများကို ရရှိစေကြောင်း၊ စက်ရုံတွင်း လက်တွေ့ပညာဆည်းပူးမှုနှင့်ပတ်သက်၍ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ ခေတ်မီ CAD/CAM ကွန်ပျူတာစနစ်များ အသုံးပြုပုံများကို လေ့လာသင်ကြားစေခဲ့ကြောင်း။

ရေယာဉ် တည်ဆောက်မှုပညာနှင့်ပတ်သက်၍ ဒုတိယနှစ်မှစကာ သင်္ဘောကျင်းများတွင် လေ့လာခြင်း၊ လက်တွေ့ပါဝင်လုပ်ဆောင်ခြင်း၊ ဗိသုကာပုံစံရေးဆွဲခြင်းအပြင် ရေယာဉ်ကိုယ်ထည်အား ပုံစံထုတ်စေခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရေကြောင်း အင်ဂျင်နီယာဘာသာရပ်နှင့် ရေကြောင်းသိပ္ပံဘာသာရပ်များအတွက် အဓိကထားပြီး လေ့ကျင့်နိုင်ရန် Navigation Simulator နှင့် Engine Room Simulator တစ်စုံစီအား ဝယ်ယူတပ်ဆင်ထားပြီး တစ်ကြိမ်လျှင် ကျောင်းသား ၃၂ဦးအား သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း။

လိုအပ်သည့် စာအုပ်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများကို ပြည်တွင်း၊ ပြည်ပမှ နှစ်အလိုက် ဝယ်ယူဖြည့်တင်းလျက်ရှိကြောင်း။

တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမများအား အရည်အသွေးမြှင့်တင်ရန်အတွက် ပြည်တွင်း၌ ပါရဂူဘွဲ့၊ M.E ဘွဲ့၊ M.A(Eng)ဘွဲ့တို့ကို ဆက်လက်တက်ရောက်စေလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း ဘွဲ့လွန်သင်တန်းများ တက်ရောက်ရန် ခွင့်ပြုခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတကာရေကြောင်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် အဆက်အသွယ်ယူ၍ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ရေးဆွဲရေးကိစ္စများကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးကို ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးဖြစ်လာစေရန် အားသွန်ကြိုးပမ်းလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် (ရေယာဉ်တည်ဆောက်ရေးပညာ) (Naval Architecture) ဒုတိယနှစ်(အကြီးတန်း) ထူးချွန် ကျောင်းသား မောင်သက်နိုင်က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျောင်းသားများကိုယ်စား ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားသည်။

**ပညာရေးငွေပဒေသာပင်**

ယင်းနောက် ရွှေမာလာကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ထွေးက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပညာရေးငွေပဒေသာပင် စိုက်ထူရန်အတွက် ငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမာလာကုမ္ပဏီမှ လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀၀ကို မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ်ထံ လွှဲပြောင်းပေးအပ်လိုက်သည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က "2003. Rina Myanma Shipyards Award" ရရှိသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် (ရေယာဉ်တည်ဆောက်ရေးပညာ) ဒုတိယနှစ် (အကြီးတန်း)မှ ထူးချွန်ကျောင်းသား မောင်သက်နိုင်အား ဂုဏ်ပြုဆုလက်မှတ်ကို ချီးမြှင့်ပေးအပ်သည်။

**စိုက်ထူလှူဒါန်း**

ဆက်လက်၍ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပညာရေးငွေပဒေသာပင် စိုက်ထူရန်အတွက် ကပ္ပတိန် ဦးကိုကိုထူး (Myanmar Industrial Port) နှင့် ဇနီး ဒေါ်စန္ဒာအောင်တို့က ငွေကျပ် သိန်း ၅၀၊ ဦးထွန်းမြင့်နိုင် (Asia Wold Port Management Co., Ltd ) က ငွေကျပ်သိန်း ၄၀၊ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအသင်း၊ Silver Wave Co., Ltd နှင့် Mr. Murata တို့က ငွေကျပ် ၂၂၅၀၀၀၀၊ SUNTAC Technologies က ငွေကျပ် ၁၀သိန်းနှင့် ငွေကျပ် ၂၅၀၀၀၀၀တန်ဖိုးရှိ Marine ICT စာအုပ်များ၊ Queen Star Computer Centre Co., Ltd က ငွေကျပ် ၉၇၅၀၀၀ တန်ဖိုးရှိ Computer Table ၂၅လုံးနှင့် LCD (၁၅) လက်မ မော်နီတာ တစ်လုံး၊ Panasonic Co., Ltd က ငွေကျပ် ၃၀၉၁၀၀၊ United Machinery Co., Ltd ကငွေကျပ် သုံးသိန်း၊ ဦးစိုးမြင့် (Agricultural & Industrial Development Co., Ltd) က ငွေကျပ်သုံးသိန်း၊ Gold Star Shipping Co., Ltd က ငွေကျပ် ၃၅၀၀၀၀၊ ဦးဇော်ဝင်း(အရဏ်ဦးကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးစိုးနိုင် (UP Land Co. Ltd)၊ ဦးဉာဏ်ဝင်း(ရေယာဉ်ပိုင်ရှင်)နှင့် Multi Point Co., Ltd တို့က ငွေကျပ် နှစ်သိန်းစီနှင့် အလှူရှင် ၂၅ဦးတို့၏ စုပေါင်း လှူဒါန်းငွေ ၂၂၈၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ပါမောက္ခချုပ် ဦးသိန်းထွန်းတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ ပညာသင်ထောက်ပံ့ကြေးကို ကျောင်းသားများကိုယ်စား ကျောင်းသားတစ်ဦးအား ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပါမောက္ခချုပ် ဦးသိန်းထွန်းက ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပင်မဆောင်မြေညီထပ်၌ ခင်းကျင်းပြသထားသည့် SUNTAC Technologies ၊ Silver Wave Co., Ltd နှင့် Bagan Cybertech တို့၏ ကွန်ပျူတာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် စာသင်ဆောင်ရှိ Engine Room Simulator Lab နှင့် Ship Handling Simulator Lab တို့၌ ကျောင်းသားများ ခေတ်မီ ရေကြောင်းပညာရပ်များ လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

❀ စာမျက်နှာ ၃ မှ

အမျိုးသမီး ငယ်၊ ရွယ်၊ တိုင်းရင်းသားရေးရာ လုပ်ငန်းကဏ္ဍကိုလည်းကောင်း၊ ဒေါ်ခင်ဝင်းက စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့်စီမံရေးရာ၊ စည်းရုံးရေးလုပ်ငန်းကဏ္ဍများကိုလည်းကောင်း အသီးသီးခြုံငုံသုံးသပ်ဆွေးနွေးကြသည်။

**အကြံပြုချက်တင်ပြ**

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းက အစည်းအဝေးကြီးမှ ဆွေးနွေးချက်များအပေါ် အခြေခံ၍ရရှိလာသော အကြံပြုချက်များကို တင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက သုံးသပ်ချက်များ၊ အကြံပြုချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အဖွဲ့ဝင်အဖြစ် လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းများကိုသိရှိပြီး အမျိုးသမီးထုအတွက် ဆောင်ရွက်နေကြောင်းကို အမျိုးသမီးများက သိရှိလာသဖြင့် ၎င်းတို့၏ အသိစိတ်ဓာတ်ဖြင့် စိတ်ပါဝင်စားလာကာ အဖွဲ့ဝင်လျှောက်ထားရန်ဖြစ်ကြောင်း။

**ကြိုးစားစမ်းသပ်**

ပြည်နယ်/တိုင်းများ၌ ပညာပေးဟောပြောပွဲများ လှုပ်ရှားဆောင်ရွက်ခြင်းကို အလေးပေး ဆောင်ရွက်နေကြသည့်နည်းတူ ပြည်သူလူထုအခြေပြုဖွံ့ဖြိုးမှု Development လုပ်ငန်းများကိုလည်း ကြိုးစားစမ်းသပ် ဆောင်ရွက်ရန်လိုကြောင်း။

အမျိုးသမီးများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်သွယ်ရေး လမ်းကြောင်းများ ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်သောဝန်ကြီးဌာနအသီးသီး၏ ပံ့ပိုးကူညီမှုကို ရယူဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ဖြန့်ဝေပေးလိုက်သော ပညာပေး CDခွေများကို ရပ်ကွက်၊ ကျေးရွာများအထိ ရောက်အောင် ပြသရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေး ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

TOTAL

**TOTAL E&P MYANMAR**

**OFFSHORE / ONSHORE TECHNICIANS**

Total E&P Myanmar, a subsidiary of the TOTAL Group, a major International Energy Company is presently operating the Yadana Gas Field which is situated offshore Myanmar.

We have a requirement to recruit four (4) additional technicians for the operation and maintenance of the Yadana Gas Field production and transportation facilities.

The candidates should be Myanmar Nationals up to 35 years of age with the following qualifications :

- Degree or Diploma from Technical Institute or University in Mechanical, Petroleum, Chemical, Electrical and Electronics Engineering (Experience in Oil and Gas Industry would be an advantage)
- Willingness to learn and ability to cope with Offshore/Onshore work environment
- Good communication and interpersonal skills
- Good command of spoken and written English
- Good Computer Skills

Interested candidates who meet these requirements should send their applications (CV, copy of education/training certificates and labour registration card), giving clear details of their qualification and work experience to the address below by 7th May, 2004 at the latest.

Short-listed candidates will be invited to attend English language and technical tests on 26th May 2004.

(Local Service Only)

Human Resources Development & Training Department
Total E&P Myanmar
5, Sacred Tooth Relic Lake Avenue, Punn Pin Gone Quarter No.5
Mayangone Township, Yangon

အကောင်းဆုံးကိုရွေးချယ်လိုက်ပြီ . . . SHARP be sharp™






Authorized Distributor

PRIME - BOSS Company Limited

Tel: 95-1-371303, 253509, 253943, 246946, 09-99-23778, 95-2-68032

ဆရာကြီးအရှယ်ဆရာအောင်

Lap Top

Home Distribution Group

Ready Made Floor

Decorative Wall Covering

REAL JOY

HIACE, TOWNACE, MINI BUS

09-50-18349, 294069, 202678

## ပထမအကြိမ် အာစရိယပူဇော်ပွဲ

**ရန်ကုန် မတ် ၂၉**

မအူပင် စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအား) ကျောင်းသူ၊ ကျောင်းသားဟောင်းများ(၁၉၉၄–၂၀၀၀)၏ ပထမအကြိမ်အာစရိယ ပူဇော်ပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရှိ မဟာသန္တိသုခကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ကိုအောင်ဇော် ဖုန်း–၅၉၃၃၉၁၊ ကိုနေလင်းအောင် ဖုန်း–၂၈၀၉၂၆နှင့် ကိုဝင်းယုခိုင် ဖုန်း–၆၂၀၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

## ဟာသဂျာနယ် အတွဲ(၂) အမှတ် (၃၅)ဖြန့်ချိ

**ရန်ကုန် မတ် ၂၉**

ကာတွန်းဗကလေး၏ မျက်နှာဖုံး ကာတွန်းနှင့် ဆရာသာဂဒိုး၊ အိကြာကွေး၊ မြဇာ၊ သုဝဏ္ဏ ကျော်စိန်၊ ဆြာကြီးထိန်၊ မြမြလှိုင်၊ ကာတွန်းမြင့်စိုးလေး၊ ရဲမြင့်ဝင်း၊ မောင်မြင့်မား (ဘိုကလေး)၊ သာဂရဇော်ရင်၊ မောင်ထည်ဝါ (ပျော်ဘွယ်)၊ ရွှေလမင်း(မန်း)၊ သိန်းသိန်း၊ စုသက်မှူး (မရမ်းကုန်း)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသရသ အတွေးအရေးများ အပါအဝင် ရုပ်ရှင်၊ ဇာတ်သဘင် ဟာသရသများကို ပြည့်ပြည့်ဝဝ ဖော်ပြထားသော "ဟာသဂျာနယ်"အတွဲ(၂) အမှတ် (၃၅)ကို ဝါမိုးအောင်စာပေ အမှတ် (၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့ကဖြန့်ချိကြောင်း သိရသည်။ (က–ပ)

Aircon-Bus / Hotel

Tel : 501986, 526722

DECO - LAND COMPANY LIMITED.

WOODFREE PAPER
COLOUR PAPER

PPC
COPY PAPER
A4 A3 LEGAL

SINAFLEX
DUPLEX COATED PAPER
CAST COATED PAPER

SINAR GLOSS
ART PAPER
ART CARD PAPER

Gram

Production Line

Size, Design, Ply

FO, Diesel Gas

Office: No.144, U Ta Yuoat Gyi St, Hlaing Thar Yar Industrial Zone (4), Hlaing Thar Yar Tsp, Yangon.
Tel : 951-685064, 685218, 685279, 685319, 244007 Fax : 951-685235
E-mail: decoland@myanmar.com.mm

DECO-LAND COMPANY LTD.
STRAPPING BANDS
STRAPPING MACHINE





1 ROLL - 2300 M LENGTH GRANTEE
LOW COST, HIGH EFFICIENCY
HIGH STRENGTH, STRAIGHT
CAN PRINT LOGO IN STRAPPING ROPE
CAN USE WITH STRAPPING MACHINE
DOOR TO DOOR DELIVERY

ACE Data Systems
(Training Division)

# ၂၀၀၄ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၉

**မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၄ ခုနှစ် တိုက်ဂါး-မြန်မာအပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ်၂၄ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ M.P.G.A နှင့် M.G.Fဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ M.G.F အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ M.P.G.Aအထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တီခုံအမှတ်(၁)၌ နေရာယူထားကြပြီး M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ Mr.David Teng နှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်တို့က အလှည့်ကျ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြကာ ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် မျိုးမင်းအောင်က ၇၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဌေးအောင်ဌေးက ၇၃ ချက်ဖြင့် ဒုတိယ၊ အောင်စန်းနှင့်လှမျိုးတို့က ၇၄ ချက်စီဖြင့် တတိယလိုက်နေသည်။

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Tiger Invitational Match 2004 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ်၂၃ရက် ညနေပိုင်းတွင် Pun Hlaing Golf Club ၌ကျင်းပရာ M.P.G.A နှင့် M.G.Fဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်နှင့် အတူ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် M.P.G.Aနှင့် M.G.F ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

၂၀၀၄ ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၄ ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် မျိုးမင်းအောင်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၂+၇၁ ပေါင်း ၁၄၃ချက်ဖြင့်ဦးဆောင်ကစားလျက်ရှိသည်။

ဇော်ဇင်ဝင်းက ၇၅+၇၂ ပေါင်း ၁၄၇ ချက်ဖြင့် ဒုတိယလိုက်ပြီး ဘိုဘိုက ၇၆+၇၃ နှင့် သိန်းဇော်မြင့်က ၇၅+၇၄ ပေါင်း ၁၄၉ ချက်စီဖြင့် ပူးတွဲတတိယလိုက်ကာ နိုင်နိုင်လင်းက၇၅+၇၅ပေါင်း ၁၅၀ ချက်ဖြင့် စတုတ္ထလိုက်နေသည်။

၂၀၀၄ခုနှစ်တိုက်ဂါး-မြန်မာအပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၅ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ တတိယနေ့ ၁၈ ကျင်း ပြိုင်ပွဲအပြီးတွင် မျိုးမင်းအောင်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၂+၇၁+၇၀ ပေါင်း ၂၁၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့်က ၇၅+၇၄+၇၃ နှင့် ဇော်ဇင်ဝင်းက ၇၅+၇၂+၇၅ ပေါင်း ၂၂၂ ချက်စီဖြင့် ပူးတွဲ ဒုတိယလိုက်ပြီး ဘိုဘိုက ၇၆+၇၃+၇၅ ပေါင်း ၂၂၄ချက်ဖြင့် တတိယလိုက်နေကာ နိုင်နိုင်လင်းက ၇၅+၇၅+၇၅ ပေါင်း ၂၂၅ ချက်ဖြင့် စတုတ္ထလိုက်နေသည်။

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ တိုက်ဂါး-မြန်မာအပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်၊ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စတုတ္ထနေ့ ၁၈ ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက် (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများဖြစ်ကြသည့် ပထမနေ့မှ တတိယနေ့အထိ မျိုးမင်းအောင်က ၇၂+၇၁+၇၀ချက်၊ စတုတ္ထနေ့ ပြိုင်ပွဲတွင် သိန်းဇော်မြင့်နှင့်ဘိုဘိုတို့က ၇၂ ချက်စီတို့အား Mr. David Teng က ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Simon Tensing De Cruz က ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၀၂ ချက်ဖြင့် ပဥ္စမရရှိသော Derek Htet Doe၊ စုစုပေါင်းရိုက်ချက် ၃၀၁ ချက်ဖြင့် စတုတ္ထရရှိသော ဇော်ဇင်ဝင်း၊ စုစုပေါင်းရိုက်ချက် ၂၉၆ ချက်ဖြင့် တတိယရရှိသော ဘိုဘို၊ စုစုပေါင်း ရိုက်ချက် ၂၉၄ ချက်ဖြင့် ဒုတိယရရှိသော သိန်းဇော်မြင့်တို့အား ဆုများကို ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော မျိုးမင်းအောင်အား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Mr.David Teng က ကျေးဇူးတင်စကားပြောကြားသည်။ ၂၀၀၄ ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Managementက တာဝန်ယူ ဆောင်ရွက်ပေးပြီး ACCEL International Co.,Ltd. (CANON)၊ Ping Golf , Equipment Grand Plaza Park Royal Hotel၊ Air Mandalay၊ Wilson နှင့် Imperial Jade Drinking Water တို့က ပံ့ပိုးကူညီပေးကြသည်။

(သတင်းစဉ်)



**(၁၃)ကြိမ်မြောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း လသာမြို့နယ် ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို မတ်၂၃ရက်က ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ဧည့်သည်တော်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်နှင့် အလှူရှင်များက ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြစဉ်။** (ကြေးမုံ)



**တိုက်ဂါး-မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။**

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)




**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပြိုင်ပွဲတွင် ဗိုလ်စွဲသည့် မျိုးမင်းအောင်အား တံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်စဉ်။**

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

## ဟာသဂျာနယ်အတွဲ(၂) အမှတ်(၃၄)ဖြန့်ချိ

**ရန်ကုန် မတ် ၂၉**

ကာတွန်းမြင့်သိန်း၏ မျက်နှာဖုံး ကာတွန်းနှင့် ငွေကြည်၏ ထုံးစံမှတ်လို့ မြန်မာ့ဟာသဇာတ်လမ်းတို့အပါအဝင် ဆရာသာဂဒိုး၊ ဆရာပြည့်စုံ (သွေးသောက်)၊ မြေဇာ၊ သန်လျင်မောင်မောင်ဦး၊ ချစ်ကိုကိုယု၊ မိုးကြိုး(ဗေဒင်)၊ ဆြာကြီးထိန်၊ ကာတွန်းမြင့်စိုးလေး၊ သုတေသီဆရာငြိမ်း၊ မုဒုံသုမွန်၊ တေးသံရှင်ကြည်အောင်၊ တနိုင်ခ၊ သဇင်နီနီ၊ မောင်လှိုင်မွှေး၊ မြင့်သန်းဦး၊ ကျော်ဇောဟိန်း(ဒေါ်ပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသရသ အတွေးအရေးများ၊ ရုပ်ရှင်နှင့်သဘင်မှ ဟာသရသများဖြင့် 'ဟာသ' ဂျာနယ်အတွဲ(၂) အမှတ်(၃၄)ကို ဝါမိုးအောင်စာပေ အမှတ် (၅၂၉)၊ ကုန်သည်လမ်း ရန်ကုန်မြို့မှ ဖြန့်ချိကြောင်း သိရသည်။

**(က-ပ)**

## ROYAL CHALLENGE INDIAN OPEN 2004
## ဂေါက်သီးရိုက်ပြိုင်ပွဲ စိုးကျော်နိုင်နှင့် အောင်ဝင်း ပါဝင်ယှဉ်ပြိုင်

**ရန်ကုန် မတ် ၂၉**

Rothmans of Pall Mall Myanmar Pte.,Ltd. က အဓိက ပံ့ပိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သော Myanmar Open 2004 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ခဲ့ပြီး ဖိတ်ကြားခြင်းခံရသော စိုးကျော်နိုင်နှင့် အောင်ဝင်းတို့သည် မတ် ၂၅ ရက်မှ ၂၈ ရက် အထိ အိန္ဒိယ သမ္မတနိုင်ငံ Del Hi Golf Club ၌ ကျင်းပမည့် Royal Challenge Indian Open 2004 ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မတ်၂၂ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားကြသည်။

Myanmar Professional Golfer'sများ ဖြစ်ကြသော စိုးကျော်နိုင်နှင့် အောင်ဝင်းတို့အား အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) မြန်မာ-အိန္ဒိယ(နယူးဒေလီ) လေကြောင်း ခရီးသည် ပို့ဆောင်ရေးလိုင်းသစ် အထိမ်းအမှတ်အဖြစ် MAI က ပံ့ပိုး ကူညီသည်။

(သတင်းစဉ်)



**Royal Challenge Indian Open 2004 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် စိုးကျော်နိုင်နှင့် အောင်ဝင်းတို့အား အိန္ဒိယနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။**

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

## ရွှေရတုပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၉**

မော်လမြိုင်မြို့ အလက(၃) ၁၉၅၄-၂၀၀၄ နှစ်(၅၀) ရွှေရတုအခမ်းအနားနှင့် ပထမအကြိမ် ဆရာကန်တော့ပွဲကို ဧပြီ ၃ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကျောင်းအုပ်ဆရာမကြီး အလက(၃)၊ ဦးအေးဝင်း ဖုန်း-၀၅၇-၂၂၄၈၄၊ဒေါက်တာလှဦး ဖုန်း ၀၅၇-၂၄၂၃၆၊ ဦးမင်းဦး ဖုန်း ၀၉၈၀-၂၂၆၄၀၊ ဦးသိန်းအေး ဖုန်း ၀၉၈၀-၂၄၄၂၃နှင့် ဦးဝင်းထိန် ဖုန်း ၀၁-၇၂၇၆၉၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## မွေးနေ့ဆုမွန်လွှာ

13rd February 2004 နေ့တွင် ကျရောက်ခဲ့သော ချစ်သားကြီး **"အာကာကျော်"**၏ (၄)နှစ်ပြည့်မွေးနေ့နှင့် 30, March 2004 နေ့တွင် ကျရောက်သော ချစ်သားငယ် **"ဘုန်းသီဟကျော်"**၏ (၁)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် February ဖေဖေ၊ မေမေတို့နဲ့အတူ ပြီးပြည့်စုံတဲ့ ဘဝတစ်ခု ထာဝရပိုင်ဆိုင်နိုင်ပါစေ---။

**ချစ်ဖေဖေ - ဦးစိုးတင့်(ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ကွမ်းလုံမြို့)**
**ချစ်မေမေ - ဒေါ်ဝင့်ဝင့်လှိုင်(ရွှေသရဖူဖိနပ်ဆိုင်၊ ကျောက်မြောင်း)**



**E.S.S Co.,Ltd.**

10/11/12/13.4.04
12.4.04

**Diary** Travels & Tours

Hotel
Restaurant
Air-con Express

Phone-380120, 240832, 287129, 09 501 8867

## တော်ဝင်လင်း အဆင့်မြင့်ဘုရားဖူးနှင့် ခရီးသွားလုပ်ငန်း

တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ၂-၄-၂၀၀၄ထွက်မည်။
(၅)ရက်ခရီး **တစ်ဦးလျှင် ၅၀၀၀၀ိ/-(စရိတ်ငြိမ်း)**
၁၂-၄-၂၀၀၄နေ့ထွက်မည်
(သင်္ကြန်အထူးနှုန်း ကျပ်၆၀၀၀၀၊ 5% Discount ပေးမည်)
အဆင့်မြင့်ဟိုတယ်၊ စားသောက်ဆိုင်၊ လေအိတ်ကား၊
ဝန်ဆောင်မှုအကောင်းဆုံး အာမခံသည်။
ဆက်သွယ်စုံစမ်းပါ။ **အိမ်တိုင်ရာရောက်လက်မှတ်ရောင်းချပေးသည်။**

**အမှတ်-၁၁၃၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။**
**ဖုန်း-၀၉၉၉၂၄၅၁၂၊ ၀၉၅၀၁၃၉၃၁၊ ၀၁၅၄၉၅၀၅။**

**Travel Together Agency**

Hotel, Restaurant, Air Con Express Car

380837
380839

ATTENTION: (၃၀-၃-၀၄)

## ဆန် + ဆီပယ်မယ်ဆိုရင် OK ကို ဆက်သွယ်မှာကြားမှအဆင်ပြေမှာပါ

OK

**အိုးတေမီသာစေ-တုရှင်နှောင်**

## Crown Resort Hotel

**NGWE SAUNG BEACH**

**မဟာသင်္ကြန်မှာ**

ငွေဆောင်ကမ်းခြေမှာ အပန်းဖြေမယ်ဆိုရင် **Crown** ကိုလာခဲ့နော်..

သင်္ကြန်အထူးနှုန်းဖြင့် ကြိုတင် **Booking** လုပ်နိုင်ပါသည်။

## "အောင်သရဖူကမ်းခြေဟိုတယ်" ငွေဆောင်

ငွေဆောင်ဖုန်း • 581100-05 (Ext:230, 231, 232) HOTEL
ရန်ကုန်ရုံးဖုန်း • 254425, 254424 (Ext: 1820) ASIA PLAZA

Shan Kon

Tel: 240216, 244336

## မဟာသင်္ကြန်အထူးအစီအစဉ်

## NEW WORLD ဦးစီးမြင့်နှင့် သားများ-ကိုဦး

H.P -၀၉-၅၀၀-၉၈၄၅



## အမြန်ဝယ်လိုသည်

## အိမ်ခြံရောင်းမည်

မရမ်းကုန်း၊ ကျောက်ရေတွင်း 145'x 65' အိမ်အကျယ် 45' x45' စက်ရေတွင်း၊ မီတာ၊ ဖုန်းအပါအဝင် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ဖုန်း-၀၁ ၆၆၃၆၄၄(ခင်စန်းရီ)။**

## စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ မိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။**

# နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သလို ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလည်း ကျဆင်းလာခဲ့

☆ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ပထမဦးစွာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ခဲ့ပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ဖြစ်ထွန်းအောင် တည်ဆောက်ရင်း ငြိမ်းချမ်းရေးတိုးပွားခိုင်မာအောင် ဆောင်ရွက်ခဲ့။

☆ တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသများ၌ရှိနေခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုများပပျောက်ပြီး သမ္မာအာဇီဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ပေါ်လာအောင် ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့။

☆ ဤသို့ စနစ်တကျဖြင့် ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်ခဲ့သဖြင့် ၁၀နှစ်ကျော်မျှသောအချိန်တိုကာလအတွင်း နယ်စပ်ဒေသများမှာ အရှိန်အဟုန်ဖြင့် သိသာထင်ရှားစွာဖွံ့ဖြိုးတိုးတက်လာခဲ့သလို ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာလည်း ကျဆင်းလာခဲ့။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်–**

## မှတ်တမ်းတင်ဓာတ်ပုံ

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဆရာ၊ ဆရာမများ၊ ကျောင်းသားများနှင့်အတူ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက် အအုံသစ်ရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# နိုင်ငံတကာအဆင့်မီ သင်ထောက်ကူပစ္စည်းကိရိယာများကို ထိရောက်အကျိုးရှိစွာ အသုံးပြုသင်ယူ နိုင်ငံတော်ကမျှော်မှန်းသည့် ထူးချွန်ထက်မြက်သော ရေကြောင်းဆိုင်ရာပညာရှင်များဖြစ်အောင် ကြိုးပမ်း

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

**ရန်ကုန် မတ် ၂၉**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီလဝါရှိ အဆိုပါ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**